# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်၊ တနင်္လာနေ့။ Monday, 26 June 2023 ၁၁၁၃၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်နေသည့်အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး ပါဝင်ကူညီပေး**

သဝဏ်လွှာ စာမျက်နှာ » ၃




**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုများ ပပျောက်စေရေး**

ဆောင်းပါး စာမျက်နှာ » ၆

**ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှာဖွေကယ်ဆယ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများ**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၈

**စားအုန်းဆီ အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၀၁၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**

စာမျက်နှာ » ၁၂





## ရန်ကုန်ဆိပ်ကမ်းတံတားများတွင် ရေလမ်းကြောင်းတိုးတက်ကောင်းမွန်မှုကြောင့် အရွယ်အစားကြီးမားသည့် ကုန်သေတ္တာတင်သင်္ဘောကြီးများကို ဝန်ဆောင်မှုပိုမိုပေးနိုင်

ရန်ကုန် ဇွန် ၂၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ရန်ကုန်ဆိပ်ကမ်းဧရိယာရှိ ဆိပ်ကမ်းများသို့ နိုင်ငံတကာမှကုန်သင်္ဘောကြီးများ ချိန်ခါမရွေး ဆိုက်ကပ်နိုင်ရန် ရေလမ်းကြောင်းသစ်ကို ဖော်ဆောင်နိုင်ခဲ့ပြီး ရေလမ်းကြောင်း ကောင်းမွန်ရေးအတွက် သောင်တူးဖော်ထိန်းသိမ်းခြင်းကို အလေးထားဆောင်ရွက်မှုကြောင့် ဆိပ်ကမ်းတံတားတို့တွင် အရွယ်အစားကြီးမားသည့် နိုင်ငံတကာ ကုန်သေတ္တာတင် သင်္ဘောကြီးများကို ဝန်ဆောင်မှု ပိုမိုပေးလာနိုင်ကြောင်း သိရသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂


## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ အိန္ဒိယနိုင်ငံ သြရိဿပြည်နယ် မြောက်ပိုင်းနှင့် ဂျက်ခန်းပြည်နယ်တို့ကို ဖြတ်ကျော်ဝင်ရောက်နိုင်

နေပြည်တော် ဇွန် ၂၅

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ သြရိဿပြည်နယ် မြောက်ပိုင်း-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီးနောက် ၄၈ နာရီအတွင်း အိန္ဒိယနိုင်ငံ သြရိဿပြည်နယ် မြောက်ပိုင်းနှင့် ဂျက်ခန်းပြည်နယ်တို့ကို ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

ကြေးမုံ

# လှေခွက်ချည်းကျန်အလံမလှဲ အစဉ်အလာလွှင့်ထူ

တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလမှ ယနေ့ထက်တိုင် အစဉ်အလာကြီးမားသည့် တပ်မတော်ဖြစ်သည်။ တပ်မတော်၏အစဉ်အလာ (၁၂) ရပ်တွင် **"အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိရှိသော တပ်မတော်ဖြစ်သည်"** ဆိုသည့်အတိုင်း အမိနိုင်ငံတော်အတွက် **"လှေခွက်ချည်းကျန် အလံမလှဲသည့်စိတ်ဓာတ်" "တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်"** များဖြင့် စွန့်လွှတ်စွန့်စား ဆောင်ရွက်ခဲ့ကြသည်။

တပ်မတော်သည် အဆိုပါအစွမ်းသတ္တိများဖြင့် အမိနိုင်ငံတော်ကြီးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် သက်စွန့်ကြိုးပမ်းစွမ်းဆောင်ခဲ့ကြသလို နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ပေးနိုင်ရန်အတွက်လည်း အားကစားကဏ္ဍတွင် ရေကုန်ရေခန်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ တပ်မတော်သားအားကစားသမားများသည် သမိုင်းအစဉ်အဆက် အမိနိုင်ငံတော်အတွက် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယ၊ ကြံ့ခိုင်မှု စသောစိတ်ဓာတ်များဖြင့် အားကစားကဏ္ဍအလိုက် အောင်မြင်မှုဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

အားကစားကဏ္ဍကိုကြည့်လျှင် တပ်မတော်သားများ၏ ထူးချွန်ပြောင်မြောက်သည့် စွမ်းဆောင်မှုများကို ပေါ်လွင်ထင်ရှားစွာ တွေ့ရမည်ဖြစ်သည်။ ပြည်တွင်းမှာသာမက နိုင်ငံတကာပြိုင်ပွဲများတွင်ပါ အောင်မြင်မှုများစွာရရှိခဲ့သည့် သမိုင်းမှတ်တမ်းများ မော်ကွန်းရေးထိုးထားသည်။ တစ်ချိန်သောကာလက မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ လျှမ်းလျှမ်းတောက်အောင်မြင်ခဲ့သော တပ်မတော်သားလက်ရွေးစင်များ၏စွမ်းဆောင်မှုများကို ယနေ့ထက်တိုင် အမှတ်တရရှိနေသည်။ ဘောလုံးတွင်သာမက ပြေးခုန်ပစ်၊ လက်ဝှေ့၊ အလေးမ၊ ဂျူဒို၊ သေနတ်ပစ် စသည့် အားကစားနည်းများတွင် ဆုတံဆိပ်များ များစွာဆွတ်ခူးပေးနိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် တပ်ရင်း၊ တပ်ဖွဲ့၊ ဌာနချုပ်အသီးသီးတွင် အားကစားကွင်းများ၊ အဆင့်မီအားကစားရုံများ တည်ဆောက်ပေးပြီး တပ်မတော်သားများ လေ့ကျင့်ယှဉ်ပြိုင်နိုင်အောင် ဆောင်ရွက်ပေးထားသည်။ အထူးသဖြင့် တပ်မတော်၏ အခြေခံသဘောသဘာဝနှင့်နီးစပ်သည့် အားကစားနည်းများဖြစ်သော ဘောလုံး၊ ဘောလီဘောအားကစား၊ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်း၊ သေနတ်ပစ်၊ လက်ဝှေ့၊ ဂျူဒို၊ သိုင်းစသည့်ကစားနည်းများ၊ ပြေးခုန်ပစ်တွင် တာဝေး၊ တာလတ်၊ တာတိုအပြေး၊ လမ်းလျှောက်၊ ရေကူး၊ လှေလှော်အားကစားကဏ္ဍများတွင် ပိုမိုထူးချွန်အောင် ကြိုးစားဆောင်ရွက်ပြီး နိုင်ငံကိုယ်စားပြုလက်ရွေးစင်များဖြစ်လာအောင် ဆောင်ရွက်လျက်ရှိသည်။

(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင်တပ်မတော်သားအားကစားသမားများနှင့် အုပ်ချုပ်သူ၊ နည်းပြများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "မိမိတို့ထံရောက်ရှိလာသည့် ရည်မှန်းချက်တာဝန်များအပေါ် နိုင်ငံ့သားကောင်း၊ တပ်မတော်သားကောင်းဟူသည့် စိတ်ဓာတ်၊ ခံယူချက်များဖြင့် အမိနိုင်ငံတော်၏အလံကို တင့်တယ်ဝင့်ထည်စွာ လွှင့်ထူနိုင်အောင် ကြိုးပမ်းခဲ့ကြခြင်းအားဖြင့် မြန်မာပီသသည့် စိတ်ဓာတ်ကို ပြသခဲ့ကြသည့်တပ်မတော်သား အားကစားသမားများနှင့်တကွ အားကစားသမားတစ်ဦးချင်း တစ်ယောက်ချင်းစီကို ဂုဏ်ပြုအသိအမှတ်ပြုပါကြောင်း" ပြောကြားခဲ့သည်။

နိုင်ငံတစ်နိုင်ငံ၏မျိုးချစ်စိတ်ကို ထိုနိုင်ငံကို ထိပါးလာသည့်အခါ နိုင်ငံသားပီသစွာထုတ်ဖော်ပြသကြသလို ထိုနိုင်ငံသားများ ပါဝင်ယှဉ်ပြိုင်သည့် အားကစားပြိုင်ပွဲများမှတစ်ဆင့်လည်း ထုတ်ဖော်ပြသကြသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။ ယခုနိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် မြန်မာနိုင်ငံကိုယ်စားပြုအားကစားသမားများသည် အနိုင်မခံ၊ အရှုံးမပေး စိတ်ဓာတ်အပြည့်ဖြင့် နောက်ဆုံးမိနစ်၊ နောက်ဆုံးစက္ကန့်အထိ ခက်ခဲသည့် အင်အားကြီးပြိုင်ဘက်များကို မလျှော့သောဇွဲ၊ လုံ့လများဖြင့် တုံ့ပြန်ယှဉ်ပြိုင်ခဲ့ကြသည့် တပ်မတော်သားအားကစားသမားများအပါအဝင် အမျိုးသမီးအားကစားသမားများ၏ ပုံရိပ်များသည် ပြည်သူများ၏ နှလုံးသားကို ဖမ်းစားနိုင်သည်အထိ အောင်မြင်မှုများ ရရှိခဲ့ကြသည်။

တပ်မတော်တွင် တပ်မတော်သားများ၏ ရဲစွမ်းသတ္တိများသာမက ပါရမီဖြည့်ဖက်များ၏ ထူးချွန်ပြောင်မြောက်သည့် စွမ်းဆောင်မှုများကို ယနေ့ထက်တိုင်အောင် မြင်တွေ့လျက်ရှိသည်။ အတိတ်သမိုင်းတွင် တာဝန်ကျေပွန်ခဲ့ကြသည့် တပ်မတော်သား အားကစားသမားများအား လေးစားအသိအမှတ်ပြု၍ မျက်မှောက်ကာလတွင် မြန်မာပီသမှု၊ မြန်မာ့စွမ်းရည်ပြသမှုဖြင့် မြန်မာ့ဂုဏ်ဆောင်မှုများကို လက်ဆင့်ကမ်းပြီး အနာဂတ်တွင် ထူးချွန်ပြောင်မြောက်သည့် အားကစားသမားကောင်းများ ပေါ်ထွက်လာရန် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အစဉ်အလာကြီးမားသည့် တပ်မတော်မှ ပေါ်ထွက်လာသည့် မြန်မာပီသသော၊ မြန်မာနိုင်ငံကို ကာကွယ်စောင့်ရှောက်သော၊ မြန်မာ့ဂုဏ်ကို မြှင့်တင်ပေးသော တပ်မတော်သားအားကစားသမားများသည် လှေခွက်ချည်းကျန် အလံမလှဲစတမ်းစိတ်ဓာတ်ဖြင့် တပ်မတော်၏အစဉ်အလာကို ဆက်လက်ထိန်းသိမ်းမြှင့်တင်လျက်ရှိပါကြောင်း။ ။

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း




နေပြည်တော် ဇွန် ၂၅

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ရွှေပြည်တော်ဝင်ကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ မြို့မယဉ်ငေးသာသနာ့ရိပ်သာကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ အရှေ့ကံ့ကော်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ဓမ္မစေတီကျောင်းတိုက်၊ တာမွေမြို့နယ်ရှိ အရိယာမဂ္ဂင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ အနန္တမေတ္တာကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ ပညာပါရမီကျောင်းတိုက်နှင့် လှိုင်မြို့နယ်ရှိ ပဏ္ဍိတာရာမကျောင်းတိုက်များသို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ ဓမ္မဗိမာန်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မူလသစ်ဆိမ့်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မဟာဒီပဲယင်းတိုက်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ စလင်းကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ သီရိမင်္ဂလာရွှေမန်းပရိယတ္တိစာသင်တိုက်နှင့် လားရှိုးမြို့နယ်ရှိ တောရကျောင်းတိုက်များသို့ တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဟုမ္မလင်းမြို့နယ်၌ တိရစ္ဆာန်အစာပင် နေပီယာမြက်သရုပ်ပြစိုက်ပျိုးပွဲ ပြုလုပ်

ဟုမ္မလင်း ဇွန် ၂၅

၂၀၂၃ ခုနှစ် မိုးရာသီ တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်းရက်သတ္တပတ်အစီအစဉ်အရ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်အစာနေပီယာမြက် သရုပ်ပြစိုက်ပျိုးခြင်းကို ဇွန် ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ဟုမ္မလင်းမြို့နယ် ခေါင်ခမ်းကွင်းပြင် စိုက်ပျိုးဧကတစ်ဧက တောင်သူ ဦးလင်းထိုက်စိုး၏ ယာမြေတွင် ပြုလုပ်ခဲ့ရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သိန်းထွန်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာမင်းခန့်ဇော်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ပါဝင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

"တိရစ္ဆာန်အစာ နေပီယာမြက်မှာ အသားဓာတ်ပါဝင်မှုခြောက်ရာခိုင်နှုန်းမှ ၁၄ ရာခိုင်နှုန်းအထိ ပါဝင်တဲ့အတွက် အသားဓာတ်ပိုရရှိပြီး ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဆိတ်နဲ့ တိုင်းရင်းကြက်တွေကို တိရစ္ဆာန်အစာအဖြစ် ကျွေးမွေးနိုင်ပါတယ်။ ဆန်ကွဲ၊ ဖွဲကြမ်း၊ ဖွဲနုများနဲ့ ရောစပ်ပြီး ကျွေးနိုင်ပါတယ်"ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာမင်းခန့်ဇော်က ပြောကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# တိရစ္ဆာန်အစာပင် နေပီယာမြက် သရုပ်ပြစိုက်ပျိုး

ကြို့ပင်ကောက် ဇွန် ၂၅

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်းရက်သတ္တပတ်လှုပ်ရှားမှုအစီအစဉ်အရ နေပီယာမြက်စိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဇွန် ၂၃ ရက်က အုန်းတောကျေးရွာ တောင်သူ ဦးရဲခင်၏ စိုက်ကွက်တွင် သရုပ်ပြစိုက်ပျိုးသည်။

**စိုက်ပျိုး**

တောင်သူ ဦးရဲခင်၏ နို့စားနွားမွေးမြူရေးလုပ်ငန်းတွင် နို့စားနွားအကောင် ၅၀ မွေးမြူထားရာ တိရစ္ဆာန်အစာပင် စိုက်ပျိုးပြီး မွေးမြူရေးအစာ အစားထိုးကျွေးမွေးခြင်းဖြင့် အစာဖိုးကုန်ကျစရိတ် သက်သာခြင်း၊ မွေးမြူရေးနွားအသားထွက်နှုန်း နို့ထွက်နှုန်း တိုးလာခြင်း၊ အခြားသောတိရစ္ဆာန် ကြက်၊ ဝက်၊ ဘဲ တို့ကိုတွဲဖက်ကျွေးမွေးနိုင်ခြင်း စသော အကျိုးကျေးဇူးများကြောင့် တိရစ္ဆာန်အစာပင် တစ်ဧကအား မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ကူညီမှုဖြင့် စိုက်ပျိုးရခြင်းဖြစ်သည်။



အဆိုပါ တိရစ္ဆာန်အစာပင် နေပီယာမြက် စိုက်ပျိုးခြင်းသရုပ်ပြပွဲသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုငြိမ်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာအေးနုဖြူနှင့်ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာများ၊ စိတ်ပါဝင်စားသည့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်နေသည့်အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပါဝင်ကူညီပေး

**၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းထံမှ ပေးပို့သည့်သဝဏ်လွှာ**

(၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူနိုင်ငံသားများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းလိုက်ပါသည်။

၁၉၈၇ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှ ဇွန်လ ၂၆ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သည့် အချိန်မှစ၍ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလာခဲ့သည်မှာ (၃၆)ကြိမ်မြောက်ရှိပြီဖြစ်ပါသည်။

ကမ္ဘာနှင့်အဝှမ်း ရင်ဆိုင်ကြုံတွေ့နေရသည့် မူးယစ်ဆေးဝါးပြဿနာသည် လူသားမျိုးနွယ်စုအပေါ် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို ဆုတ်ယုတ်ပျက်စီးစေသည့်အပြင် နိုင်ငံ့လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအပေါ် များစွာထိခိုက်စေပါသည်။

နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ အခြားတစ်ဖက်မှလည်း နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် မူးယစ်ဆေးဝါးပြဿနာကို ထိန်းချုပ်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဘိန်းစိုက်ပျိုးမှုပြဿနာ၊ လူလုပ်မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲမှု ပြဿနာများနှင့် ရင်ဆိုင်နေရပြီး ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့် နိုင်ငံတော်ကိုယ်စားပြုဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ လုပ်ငန်းအဖွဲ့အသီးသီးကို စနစ်တကျဖွဲ့စည်း၍ အလေးထားဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းကို နိုင်ငံတော်အစိုးရအဆက်ဆက် အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ မူးယစ်ဆေးဝါးသုံးစွဲသူများ၊ စိုက်ပျိုးသူများ၊ ထုတ်လုပ်သူများ၊ သယ်ဆောင်သူများ၊ ဖြန့်ဖြူးရောင်းချသူများ အများအပြားကို ဖော်ထုတ်ဖမ်းဆီးရမိ အရေးယူခဲ့သော်လည်း မူးယစ်ဆေးဝါး တရားမဝင်သယ်ဆောင်ရောင်းဝယ်မှုများ လျော့နည်းသွားခြင်း မရှိကြောင်းကိုလည်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပြဿနာဖြေရှင်းနိုင်ရေးအတွက် ကုလသမဂ္ဂကွန်ဗင်းရှင်း ၃ ခုတွင် ပါဝင်လက်မှတ်ရေးထိုးထားပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ရန်ကုန်မြို့အခြေစိုက် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် UNODC၊ ဩစတြေးလျနိုင်ငံ AFP၊ အမေရိကန်နိုင်ငံ DEA၊ တရုတ်နိုင်ငံ NNCC၊ ထိုင်းနိုင်ငံ ONCB တို့နှင့်လည်း တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် အမျိုးသားအဆင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာစီမံချက် ရေးဆွဲခဲ့ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များအလိုက် လုပ်ငန်းစီမံချက်များရေးဆွဲကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးလုပ်ငန်းများကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့ပူးပေါင်း၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရမှလည်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို ခေတ်မီစက်ပစ္စည်းကိရိယာများ တပ်ဆင်ပြီး မူးယစ်ဆေးဝါး ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများကို ဖော်ထုတ်အရေးယူလျက်ရှိပါသည်။

နိုင်ငံတော်၏အစီအစဉ်ဖြင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျှော့ချနိုင်ရန် အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့၊ သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့နှင့် မွေးမြူရေးအဖွဲ့တို့မှ အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိပြီး အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းဖြင့် ဘိန်းစိုက်ပျိုးမှုကို တဖြည်းဖြည်းလျှော့ချလျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်း ၃၉ မျိုးကို ထိန်းချုပ်ဆောင်ရွက်လျက်ရှိပြီး ဓာတုပစ္စည်းများ တရားမဝင် ဝင်ရောက်မှုနှင့် လမ်းလွဲမရောက်ရှိစေရေး ဓာတုပစ္စည်းအသုံးပြုသည့် လုပ်ငန်းရှင်များ၊ ဓာတုပစ္စည်းနှင့် သက်ဆိုင်သည့်ဌာနများ၊ အသင်းအဖွဲ့များနှင့်ပူးပေါင်း၍ ထိန်းချုပ်ဓာတုပစ္စည်းများဆိုင်ရာ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေ၊ နည်းဥပဒေများနှင့် မူဝါဒများဆိုင်ရာ အသိပညာပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

ကျောင်းသားလူငယ်များအတွက် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဗဟုသုတများကို အဆင့်မြင့်နှင့် အခြေခံပညာကျောင်းများ၊ ကျောင်းပြင်ပစခန်းများ အားလုံးသို့ ဖြန့်ဝေပေးလျက်ရှိပါသည်။ ကျောင်းအခြေပြုပညာပေးလုပ်ငန်းစဉ် (၇)ရပ်တွင်လည်း မူးယစ်ဆေးဝါးအန္တရာယ် ကင်းစင်ပပျောက်ရေးကို ဦးစားပေးလုပ်ငန်းစဉ်(၁)အဖြစ် ထည့်သွင်းထားပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးစွဲသူများ ဆေးကုသမှုခံယူနိုင်စေရေးနှင့် နောက်ဆက်တွဲအန္တရာယ်များ လျှော့ချနိုင်ရေး ကျန်းမာရေးဝန်ကြီးဌာနမှ မူးယစ်ဆေးစွဲရောဂါကုသရေးဌာနကြီး ၂၉ ခု၊ ဌာနငယ် ၅၆ ခုနှင့် မက်သာဒုံးဆေးခန်း ၈၆ ခု ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

မူးယစ်ဆေးဖြတ်ပြီးသူများ လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက်လည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြန်လည်ထူထောင်ရေးစခန်းများကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယနေ့မျက်မှောက်ခေတ်ကာလ၌ မူးယစ်ဆေးဝါးပြဿနာအား ရှုမြင်သုံးသပ်ရာတွင် တားဆီးနှိမ်နင်းရေးနှင့် ထိရောက်သောတရားစီရင်ရေး ကဏ္ဍတစ်ခုတည်း ဆောင်ရွက်၍မရဘဲ ပြည်သူ့ကျန်းမာရေး၊ လူမှုဘဝမြင့်မားရေး၊ လူသားချင်းစာနာထောက်ထားရေး၊ ဖွံ့ဖြိုးရေး၊ အခြေခံလွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးဆိုင်ရာ ကဏ္ဍများမှ ဘက်ပေါင်းစုံချဉ်းကပ်မှုပုံစံဖြင့် ပြဿနာ၏ အရင်းအမြစ်တစ်ခုလုံးကို လွှမ်းခြုံ၍ အပြန်အလှန် အမှီသဟဲပြုဆောင်ရွက်ရန် လိုအပ်လာကြောင်း တွေ့ရှိရပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှုကို ပြစ်မှုအဖြစ်သတ်မှတ်ခြင်းမပြုတော့ဘဲ ဆေးကုသမှုခံယူနိုင်ရေး နိုင်ငံတော်အစိုးရနှင့် လူမှုအဖွဲ့အစည်းများမှ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းခြင်းနှင့် ကုသရေးအစီအစဉ်များကို လူထုအတွင်းရောက်ရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်လာကြပြီး ဆေးရုံဆေးခန်းအခြေပြု ဆေးကုသရေးလုပ်ငန်းများအပြင် လူထုအခြေပြု ဆေးကုသရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လာခဲ့ကြသည်ကို တွေ့ရှိရပါသည်။

နိုင်ငံတော်အနေဖြင့် အသစ်ပေါ်ပေါက်လာသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုသည့် ရှေ့ပြေးဓာတုပစ္စည်းများကို ဥပဒေနှင့်အညီ အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ကာ ထိန်းချုပ်သွားမည်ဖြစ်သည့်အပြင် တိုးတက်ခေတ်မီသည့် မူးယစ်ဆေးဝါးရှာဖွေသည့်ကိရိယာများ၊ မူးယစ်ဆေးဝါးဆိုင်ရာမှုခင်းများ စုံစမ်းဖော်ထုတ်သည့် ပစ္စည်းကိရိယာများ၊ နည်းပညာများကို အသုံးပြုလျက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မူးယစ်ဆေးဝါးကို ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများသို့ပါ သယ်ဆောင်ရောင်းချခြင်းနှင့် ဝယ်ယူခြင်းများအား လျော့နည်းပပျောက်စေရန်အတွက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကုလသမဂ္ဂကွန်ဗင်းရှင်းများတွင်ပါရှိသော ပြဋ္ဌာန်းချက်များနှင့်အညီ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အနေဖြင့်လည်း ပြောင်းလဲလာသည့် မူးယစ်ဆေးဝါးပြဿနာများအပေါ် သုံးသပ်ပြီး မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်နေသည့်အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးမှလည်း ပါဝင်ကူညီပေးကြရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ယခုနှစ် (၃၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) မှ ပေးပို့သော ဆောင်ပုဒ် “People first: stop stigma and discrimination, strengthen prevention” “ခွဲခြားနှိမ့်ချ ကင်းစင်ဝေး၊ ကာကွယ်ရေးကို အလေးပေး၊ လူသားအားလုံးကျန်းမာရေး” ဆိုသည့်အတိုင်း အလေးထားလိုက်နာဆောင်ရွက်သွားရန်နှင့် နိုင်ငံတော်၏ နိုင်ငံရေးဦးတည်ချက်ဖြစ်သည့် “ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး” အတွက် အဟန့်အတားဖြစ်စေသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို အားလုံးအတူတကွ ပူးပေါင်းတိုက်ဖျက်သွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

**❂ ရှေ့ဖုံးမှ**

ရေလမ်းကြောင်း တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ရန်ကုန်ဆိပ်ကမ်းဧရိယာရှိ ဆိပ်ခံတံတားများသို့ ယခင်ကလက်ခံနိုင်ခဲ့သည့် သင်္ဘောအရွယ်အစားထက် ပိုမိုကြီးမားသည့် သင်္ဘောကြီးများကို ဝန်ဆောင်မှုပေးနိုင်ခဲ့ရာ ဇွန် ၂၂ ရက် နံနက် ၉ နာရီခွဲတွင် Asia World Port Terminal ဆိပ်ကမ်းတံတားသို့ ဟောင်ကောင်အခြေစိုက် SITC Shipping Line မှ GRT ၂၉၂၃၂ တန်နှင့် ကုန်သေတ္တာ ၂၆၉၈ TEU တင်ဆောင်နိုင်သည့် MV SITC Zhaoming ကုန်သေတ္တာတင်သင်္ဘောကြီးသည် ယင်း၏ပထမဆုံးခရီးစဉ်အဖြစ် ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ်ခဲ့သည်။

အဆိုပါသင်္ဘောကြီးသည် AWPT ဆိပ်ကမ်းတွင် ဆိုက်ကပ်ခဲ့သမျှ ကုန်သေတ္တာသင်္ဘောများ၌ စံချိန်တင်အကြီးဆုံးကုန်သေတ္တာတင်သင်္ဘောကြီးတစ်စင်းဖြစ်ပြီး ရန်ကုန်ဆိပ်ကမ်းဧရိယာရှိ ရေလမ်းကြောင်းများ ကောင်းမွန်မှုကြောင့် သင်္ဘောကြီးကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ရေကြောင်းဌာနမှူးချုပ်ကိုယ်တိုင်ကြီးကြပ်၍ ဘေးကင်းလုံခြုံစွာ ဆိုက်ကပ်ခဲ့ကြောင်းနှင့် အဆိုပါသင်္ဘောသည် ဇွန် ၂၃ ရက်တွင် ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**ညိမ်းသူ-သတင်းစဉ်**
**ဓာတ်ပုံ-မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ဆီဆိုင်မြို့နယ်၌ တိရစ္ဆာန်အစာပင် ရူစီမြက်စိုက်ပျိုး

**ဆီဆိုင် ဇွန် ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ ဆီဆိုင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်အစာ ရူစီမြက်စိုက်ပျိုးခြင်းကို ဇွန် ၂၃ ရက် ညနေပိုင်းက ကုန်းလမ်းကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါက်တာအောင်ကျော်စိုးနှင့်ဝန်ထမ်းများက ရူစီမြက်မျိုးများ ထောက်ပံ့ပေးပြီး ဒေသခံပြည်သူများနှင့်အတူ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ အဆိုပါမြက်မျိုးများစိုက်ပျိုးခြင်းဖြင့် မိရိုးဖလာလွတ်ကျောင်းစနစ်မှ ရိတ်ကျွေးစနစ် ဖွံ့ဖြိုးလာစေမည်ဖြစ်ပြီး အာဟာရတန်ဖိုး မြင့်မားသော မြက်မျိုးများ စိုက်ပျိုးခြင်းဖြင့် တိရစ္ဆာန်များ ကြီးထွားနှုန်းမြင့်မားလာကာ ထုတ်လုပ်မှုများကောင်းမွန်ခြင်း၊ အစာဖိုးကုန်ကျစရိတ်များ သက်သာခြင်းတို့ကြောင့် မွေးမြူသူများအနေဖြင့် တိရစ္ဆာန်အစာပင်များစိုက်ပျိုးမှု အလေ့အထများ ရှိလာစေမည်ဖြစ်ပြီး မွေးမြူရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မိုးရာသီကာလဖြစ်သဖြင့် ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ကြရန်နှင့် မုန်တိုင်းဒဏ်ခံနိုင်ရန် အရိပ်ရလေကာပင်များ ရှင်သန်ကြီးထွားအောင် စနစ်တကျစိုက်ပျိုး


ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့်အဖွဲ့ဝင်များ စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးပို့ရန် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**စစ်တွေ ဇွန် ၂၅**

ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ကွပ်ကဲရန် စစ်တွေမြို့၌ ရောက်ရှိနေသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ်(စစ်တွေ)၊ ရေချမ်းပြင်ဘူတာ၊ အားကစားနှင့် ကာယပညာသိပ္ပံ(စစ်တွေ)၊ ရခိုင်ပြည်နယ်လွှတ်တော်အဆောက်အအုံ၊ ဧည့်ရိပ်သာနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက မိုးရာသီကာလဖြစ်သဖြင့် ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ကြရန်၊ မုန်တိုင်းဒဏ်ခံနိုင်ရန် အရိပ်ရ လေကာပင်များကို ရှင်သန်ကြီးထွားအောင် စနစ်တကျ စိုက်ပျိုးသွားကြရန်၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရန်နှင့် သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်သွားကြရန် မှာကြားပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ရောက်ရှိပြီး ဝိရူပက္ခနှင့် ပြည်တော်အေး-၂ သင်္ဘောများပေါ်မှ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများကိုလူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြု၍ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးပို့ရန် စီမံဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြပြီး အထူးကုဆရာဝန်ကြီးများက မုန်တိုင်းဒဏ်သင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုနှင့် ဆေးကုသမှုခံယူနေကြသူများကို ကြည့်ရှုအားပေးပြီး အထူးကုဆရာဝန်ကြီးများနှင့် ဆေးကုသမှုခံယူလျက်ရှိသည့် ပြည်သူများထံ လက်ဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ ပြည်သူ့ဆေးရုံကြီး၌ နှလုံးရောဂါ၊ အဆုတ်နှင့် ရင်ခေါင်းရောဂါ၊ ဆီးနှင့် ကျောက်ကပ်ရောဂါ၊ ဦးနှောက်ရောဂါ၊ အာရုံကြောနှင့် အတက်ရောဂါ၊ အရိုးအဆစ် သွေးလေးဖက်နာရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါ၊ အသည်းရောဂါ၊ ဆီးချိုနှင့် ဟော်မုန်းရောဂါ၊ သွေးရောဂါ၊ ကလေးသွေးရောဂါ၊ ကင်ဆာရောဂါနှင့် အထွေထွေရောဂါများကို ကုသပေးလျက်ရှိသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

အစည်းအဝေးတွင် လုပ်ငန်းကော်မတီများအလိုက် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်းသည့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံ၊ လုပ်ငန်းတိုးတက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ဆက်သွယ်ရေး မိုဘိုင်းစခန်းများ ထိခိုက်ပျက်စီးခဲ့ရာ ယနေ့အထိ မိုဘိုင်းစခန်းပေါင်း ၁၂၂၉ ခုကို ပြန်လည်ပြုပြင်ပြီးဖြစ်၍ မိုဘိုင်းဖုန်းဆက်သွယ်ရရှိမှုအနေဖြင့် ၉၉ ဒသမ ၆၈ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့်အဖွဲ့ဝင်များ အားကစားနှင့် ကာယပညာသိပ္ပံ(စစ်တွေ)တွင် ကြည့်ရှုစစ်ဆေးစဉ်။


ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့်အဖွဲ့ဝင်များ နည်းပညာတက္ကသိုလ်(စစ်တွေ)တွင် ကြည့်ရှုစစ်ဆေးစဉ်။

# မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**စစ်တွေ ဇွန် ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာနရုံးသို့ သွားရောက်ပြီး မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ငါးလုပ်ငန်းဦးစီးဌာန၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှု စာရင်းဇယားများ၊ ပြန်လည်ဆယ်တင်မှုအခြေအနေ၊ အရေးပေါ်ဆောင်ရွက်ထားရှိမှု၊ ယာယီ အမိုးအကာအောက် ရောက်ရှိအောင် ဆောင်ရွက်ထားရှိမှုနှင့် ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြရာ ပြည်နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက မိမိတို့ရုံးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ပြန်လည်လည်ပတ်နိုင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားပြီး မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) ကြည့်ရှုစစ်ဆေး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့် တွေ့ဆုံ



နေပြည်တော် ဇွန် ၂၅

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စက်ရုံ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ စက်မှုဝန်ကြီးဌာန စီမံခန့်ခွဲရေးအဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ် (၂)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်ရုံစီမံကိန်းတည်ဆောက်ရေးအဖွဲ့မှတာဝန်ရှိသူများ၊ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)မှ စက်ရုံမှူးနှင့် ဌာနတာဝန်ခံများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် စက်ရုံမှူးနှင့် တာဝန်ရှိသူများက စက်ရုံ၏လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့်အခြေအနေ၊ အလုပ်ရုံအလိုက် လုပ်ငန်းလိုအပ်ချက်နှင့် ဆက်လက်ဆောင်ရွက်ရမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းတွင် အောက်ဆီဂျင်ထုတ်လုပ်ရေးအလုပ်ရုံရှိ စက်ပစ္စည်းများ စစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် တိတိကျကျ အစစ်ဆေးခံနိုင်ရေးနှင့် စီမံကိန်းပြန်လည်စတင်နိုင်ရေး အဆင်သင့်ဖြစ်အောင် ဆောင်ရွက်ထားရှိရန် လိုကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းအပ်နှံ ဆောင်ရွက်မည့်လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးနိုင်ရေးအတွက် တွန်းအားပေး ဆောင်ရွက်သွားရန်နှင့် စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် လိုအပ်သောလူ့စွမ်းအား အရင်းအမြစ်များ ဖြည့်ဆည်းနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရေး အလေးပေးဆောင်ရွက်ရန် လိုကြောင်း၊ စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်ရမည် ဖြစ်ကြောင်း ပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ တောင်ကြီးမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဒေသဆိုင်ရာ MSME ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီများ ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများလည်းရှိသည့်အတွက် အဆိုပါတိုင်းနှင့် ဒေသများတွင်လည်း ဒေသဆိုင်ရာ MSME အေဂျင်စီများ ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာ အေဂျင်စီများအနေဖြင့် MSME များ မှတ်ပုံတင်ခြင်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပြီး အေဂျင်စီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို လစဉ်လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြရန်နှင့် လုပ်ငန်းကော်မတီမှ ဗဟိုကော်မတီသို့ စုစည်းသုံးသပ် တင်ပြအစီရင်ခံသွားမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများအနေဖြင့် MSME Web Portal မှတစ်ဆင့် Member Card လျှောက်ထားနိုင်ပြီး ငွေပေးချေမှုကိုလည်း E- Payment နှင့် ပေးချေနိုင်ပြီဖြစ်ကြောင်း၊ မကြာမီ SME Member Card နှင့်အတူ SME ယာယီမှတ်ပုံတင်လက်မှတ်များကိုလည်း တစ်ပါတည်းထုတ်ပေးသွားမည်ဖြစ်ပြီး ဥပဒေပြင်ဆင်ပြဋ္ဌာန်းပြီးပါက မိုက်ခရိုအဆင့် လုပ်ငန်းများအတွက်ပါ မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌက ရှမ်းပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကော်မတီများဆိုင်ရာ ကိစ္စရပ်များနှင့် MSME Web Portal ဆိုင်ရာကိစ္စရပ်များ၊ ချေးငွေရရှိရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာသူများက ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## သံတွဲမြို့ အထက(ခွဲ) မြို့မ၌ လူငယ်စကားဝိုင်းကျင်းပ

သံတွဲ ဇွန် ၂၅

သံတွဲခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် "လူငယ်နှင့်မူးယစ်ဆေးဝါး"လူငယ်စကားဝိုင်းကို ယမန်နေ့က အထက(ခွဲ ) မြို့မကျောင်း ပန်းသဇင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူးဦးဇော်ထွန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာကြည်က လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အထက်တန်းပြဆရာ ဦးချစ်ကိုကိုဇော်က ဦးဆောင်၍ အထက(ခွဲ) မြို့မကျောင်း Grade-9-10-11 မှ ကျောင်းသား ကျောင်းသူ ခြောက်ဦးက မူးယစ်ဆေးဝါးဆိုတာဘာလဲ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့်ရရှိလာမည့်ဆိုးကျိုးများ၊ အရေးယူဆောင်ရွက်မှုဆိုင်ရာများနှင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဆောင်ရွက်မှု ခေါင်းစဉ်များဖြင့် ဆွေးနွေးပြောကြားကြပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူလေးများက ဆွေးနွေးမှုများအပေါ် အပြန်အလှန် ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များကို အခမ်းအနားတက်ရောက်လာကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)



## ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ



တောင်ကြီး ဇွန် ၂၅

၂၀၂၃ ခုနှစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇွန် ၂၄ ရက် ညနေ ၃ နာရီခွဲက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံ နှုတ်ဆက်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အထက(၇) ဘင်ခရာတပ်ဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ပြီး ပြိုင်ပွဲဝင်မြို့နယ်အလိုက် အသင်း ၂၈ သင်းကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က ဂုဏ်ပြုချီးမြှင့်ငွေကျပ် တစ်သင်းလျှင် သုံးသိန်းနှုန်းဖြင့် ပေးအပ်ချီးမြှင့်ပေးကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ အားကစားဝါသနာရှင်များက တာချီလိတ်မြို့နယ်အသင်းနှင့် ကလောမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြောင်း သိရသည်။

အဆိုပါ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင် ၂၈ သင်းပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဇွန် ၂၃ ရက်မှ ဇူလိုင် ၁၁ ရက်အထိ ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ကျောက်တံခါးမြို့နယ်၌ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး



ကျောက်တံခါး ဇွန် ၂၅

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ကျောက်တံခါးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန်အတွက် စားသောက်ကုန်ပစ္စည်းများဖြစ်သည့် သားငါးများကို ကျောက်တံခါးမြို့မဈေးရှေ့၌ ယနေ့ နံနက် ၈ နာရီက ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ရောင်းချပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေ ဦးဆောင်၍ ပြည်သူများကို အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်တစ်ပြည်ကျပ်၂၅၀၀၊ ကြက်ဥတစ်လုံးကျပ်၂၅၀၊ ငါးမြစ်ချင်းတစ်ပိဿာကျပ် ၆၀၀၀၊ ငါးမုတ်တစ်ပိဿာ ကျပ် ၃၀၀၀၊ ငါးတန် တစ်ပိဿာကျပ် ၃၅၀၀၊ အမဲသားတစ်ပိဿာ ကျပ် ၁၁၀၀၀ ၊ ဝက်သား တစ်ပိဿာကျပ် ၁၄၀၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့သည်။ မြို့နယ်(ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုများ ပပျောက်စေရေး

ပေါက်ပေါက်

ယခုနှစ် ၂၀၂၃ ခုနှစ် ဇွန်လ ၂၆ ရက်နေ့သည် (၃၆) ကြိမ်မြောက် "အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဖြစ်ပါသည်။ ဇွန်လ ၂၆ ရက်နေ့ကို သတ်မှတ်ရသည့် သမိုင်းကြောင်းရှိပါသည်။ တရုတ်ပြည်၌ ပထမဘိန်းစစ်ပွဲဖြစ်ခါနီး ၁၈၃၉ ခုနှစ်တွင် ဥရောပတိုက်သားများဖြစ်ကြသော ပေါ်တူဂီ၊ စပိန်နှင့် ဒတ်ချ်ကုန်သည်များက တရုတ်ပြည်ကို ဘိန်းများရောင်းချရန်အတွက် ဂွမ်ဒုန်းပြည်နယ် ဟူမင်းမြို့သို့ ရောက်လာကြသည်။ ထိုအခါ ဖူးကျန့်ပြည်နယ် အုပ်ချုပ်ရေးမှူး Li Zexu က ဇွန်လ ၂၆ ရက်နေ့တွင် ဟူမင်းသို့ အချိန်မီသွားရောက်ပြီး ဥရောပဘိန်းကုန်သည်များသယ်လာသည့်ဘိန်းများကို သိမ်းဆည်းမီးရှို့ဖျက်ဆီးခဲ့သည်။ ထိုသို့ ဘိန်းများမီးရှို့ဖျက်ဆီးခဲ့သော ဇွန်လ ၂၆ ရက်နေ့ကို နောင်းလူတို့ အမြဲတမ်းအောက်မေ့သတိရကြစေရန်ရည်ရွယ်၍ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ၁၉၈၇ ခုနှစ် ဇွန်လအတွင်း ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံက ဇွန်လ ၂၆ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အဖြစ် အထူးတလည်သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။

**မူးယစ်ဆေးဝါး**

မူးယစ်ဆေးဝါးဆိုသည်မှာ လူသားများ၏ ဆင်ခြင်တုံတရားများ၊ ကာယအား၊ ဉာဏအား၊ လူ့စွမ်းအားအရင်းအမြစ်အားလုံးကို အန္တရာယ်အပေးနိုင်ဆုံးပစ္စည်းဖြစ်သည်။ တစ်နည်းဆိုသော် လူ့ဘဝတိုးတက်မှု အရာမှန်သမျှကို အောက်ဆုံးအထိ နိမ့်ကျစေသော အန္တရာယ်ပေးနိုင်သည့်ပစ္စည်းကို မူးယစ်ဆေးဝါးဟု ခေါ်သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးမသုံးစွဲကြရေး ဥပဒေအသီးသီးပြဋ္ဌာန်းပြီး အရေးယူလျက်ရှိသည်။ မိမိတို့မြန်မာနိုင်ငံတွင်လည်း ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့က ဥပဒေသစ်ပြဋ္ဌာန်းကာ စီမံချက် (၃) ရပ် ချမှတ်ခဲ့သည်။ အဆိုပါ စီမံချက်ပါ အကြောင်းအရာများမှာ(၁)ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပပျောက်ရေး၊ (၂) မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးနှင့် (၃) မူးယစ်ဆေးဝါးရောင်းဝယ်မှု ပပျောက်ရေးတို့ဖြစ်ကြပြီး ယင်းစီမံချက်များနှင့်အညီ နိုင်ငံတော်က အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

နှစ်စဉ် ဇွန်လ ၂၆ ရက်နေ့ရောက်တိုင်း မြန်မာပြည်၌ တစ်နှစ်တာအတွင်း ဖမ်းဆီးရမိသော ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြား၊ အိုက်စ်၊ ဆေးခြောက်စသည့် မူးယစ်ဆေးဝါးများနှင့်အတူ ၎င်းမူးယစ်ဆေးဝါးများ ထုတ်လုပ်ရာတွင် အသုံးပြုသောဆက်စပ်ပစ္စည်းအမျိုးပေါင်း ၅၀ ကျော်တို့ကိုလည်း နိုင်ငံတော်က နိုင်ငံခြားသံရုံးများကိုပါ ဖိတ်ကြားပြီး အခမ်းအနားဖြင့် မီးရှို့ဖျက်ဆီးလေ့ရှိသည်။ သို့သော် ခေတ်အဆက်ဆက် ယနေ့ထိတိုင် နေ့စဉ်ထုတ်သတင်းစာများ၊ တီဗွီရုပ်သံလိုင်းများတွင် မတွေ့ချင် မမြင်ချင်ဆုံးအရာသည် မူးယစ်ဆေးဝါး၊ စိတ်ကြွဆေးပြားသုံးစွဲမှု၊ ရောင်းဝယ်မှုများ ရှင်သန်ကြီးထွားနေဆဲဖြစ်သည်။

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ စတင်မဖြစ်ပွားမီ ၂၀၁၉ ခုနှစ် ထုတ်ပြန်ချက်သတင်းများအရ ကမ္ဘာ့လူဦးရေသန်းပေါင်း ၂၀၀ ကျော်သည် မူးယစ်ဆေးသုံးစွဲလျက်ရှိကြောင်း ကြောက်ခမန်းလိလိ သိရပါသည်။ အနာဂတ်ကမ္ဘာအတွက် ရင်လေးစရာ




> **"မူးယစ်ဆေးဝါးဆိုသည်မှာ လူသားများ၏ ဆင်ခြင်တုံတရားများ၊ ကာယအား၊ ဉာဏအား၊ လူ့စွမ်းအားအရင်းအမြစ်အားလုံးကို အန္တရာယ်အပေးနိုင်ဆုံးပစ္စည်းဖြစ်သည်။ တစ်နည်းဆိုသော် လူ့ဘဝတိုးတက်မှုအရာမှန်သမျှကို အောက်ဆုံးအထိ နိမ့်ကျစေသော အန္တရာယ်ပေးနိုင်သည့်ပစ္စည်းကို မူးယစ်ဆေးဝါးဟု ခေါ်သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးမသုံးစွဲကြရေး ဥပဒေအသီးသီးပြဋ္ဌာန်းပြီး အရေးယူလျက်ရှိ"**

ဖြစ်သည်။ မူးယစ်ဆေးဝါးဆိုသည်မှာ တစ်ကြိမ်သုံးမိရုံမျှဖြင့် စွဲလမ်းသွားကာ ဖြတ်ရန်လွန်စွာခက်ခဲသည်။ အိမ်တစ်အိမ် သို့မဟုတ် မိသားစုတစ်စုတွင် မူးယစ်ဆေးစွဲသူ တစ်ဦးရှိနေလျှင် တစ်မိသားစုလုံး စိတ်ဆင်းရဲရသည့်အပြင် စီးပွားရေး နာလန်မထူနိုင်တော့ဘဲ ချွတ်ခြုံကျကြရသည်။ ၂၀၁၉ ခုနှစ်နောက်ပိုင်း ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ်စသည့်လေးနှစ်တာကာလအတွင်း မူးယစ်ဆေးသုံးစွဲနှုန်းကို စစ်တမ်းကောက်ယူကြည့်မည်ဆိုပါက ဆေးစွဲလူဦးရေသန်းပေါင်း အဆမတန်တိုးပွားနေမည်ဖြစ်ကြောင်း ပညာရှင်များက ခန့်မှန်းထားကြသည်။

**ရှောင်ရှားနိုင်သော နည်းလမ်းကောင်းများ**

"မူးယစ်အစ ဆေးလိပ်က" ဖြစ်၍ ဆေးလိပ်၊ ဆေးရွက်ကြီးအမျိုးမျိုးနှင့် ကွမ်းယာတို့ကို အစလုပ်ပြီး မသုံးမိကြရန်အထူးအရေးကြီးသည်။ စိတ်ဓာတ်မခိုင်မာသူ၊ စိတ်မနိုင်သူများသည် မူးယစ်ဆေးများကို သုံးမိတတ်ကြသည်။ မကောင်းမှန်းသိလျက်နှင့် လက်တည့်စမ်းလိုခြင်း၊ မိမိကိုယ်ကိုအထင်ကြီးခြင်း (ဥပမာ ငါကတော့ တခြားသူတွေလို မဟုတ်ဘူး၊ ငါ ဆေးမစွဲနိုင်ဘူး၊ ငါ စိတ်မာတယ်)ဟု တလွဲဆံပင်ကောင်းကာ စမ်းသုံးကြည့်မိတတ်သည်။ တချို့ကမူ အသည်းကွဲလို့၊ တစ်စုံတစ်ခု ဝမ်းနည်းကြေကွဲလို့ သူငယ်ချင်းကဆွယ်လို့၊ အိမ်ကိုအရွဲ့တိုက်ချင်လို့ စသည်ဖြင့် အကြောင်းအမျိုးမျိုးပြကာ သုံးကြသည်။ အရင်းစစ်ကြည့်လျှင် စိတ်မခိုင်ခြင်း၊ စိတ်မနိုင်ခြင်းကြောင့် သုံးစွဲခြင်းသာဖြစ်သည်။

တချို့ကလည်း "မင်းသုံးကြည့်ပါလား၊ မလုပ်ရဲဘူးလားကွ၊ မင်းအခြောက်လား" ဆိုသည့် မခံချင်စိတ်ကိုနှိုးဆွပြီး အတင်းဆွယ်ကြသည်။ သူငယ်ချင်းများ၏မြှူဆွယ်မှုကြောင့် အစပြုသုံးမိသွားတတ်သည်။ အမှန်တကယ် ဖြစ်သင့်သည်မှာ ဘယ်သူကပဲ ဆွယ်ဆွယ်၊ မခံချင်အောင် ဘယ်လိုပဲပြောကြပါစေ ပါမသွားရန်မှာ မိမိ၏ စိတ်ကသာ အဓိကဖြစ်သည်။ မိမိကိုယ်တိုင်ကလည်း ဘယ်လိုအကြောင်းကြောင့်မှ တစ်ကြိမ်တစ်ခါမျှ မသုံးဖို့၊ မထိဖို့လိုသည်။ ထို့ပြင် ယောကျ်ားလေးများ အားကစားတစ်ခုခုကို ပုံမှန်လုပ်သင့်သည်။ ကျောင်းစာအပြင် အကျိုးပြု ပြင်ပစာများကိုလည်း လေ့လာဖတ်ရှုသင့်သည်။ ဝါသနာတူသူငယ်ချင်းများနှင့် အားကစားလုပ်ခြင်း၊ ရပ်ရွာအကျိုးအတွက် ပရဟိတလုပ်ခြင်း သို့မဟုတ် ဘာသာရေးကိုလည်း မမေ့မလျော့လုပ်ခြင်း၊ မြို့နယ် ပြည်သူ့စာကြည့်တိုက်များတွင် စာအုပ်ငှားဖတ်နိုင်ခြင်း စသည်ဖြင့် လုပ်ဆောင်မည်ဆိုပါက မူးယစ်စိတ်ကြွဆေးများကို ရှောင်ရှားနိုင်လိမ့်မည်။ ဆိုလိုသည်မှာ မူးယစ်ဆေးသုံးသူများက စာကြည့်တိုက် မသွားတတ်ပေ၊ သွားလေ့သွားထမရှိပေ။ အားကစားကိုလည်း မလိုက်စားကြပေ။ ထိုအခါ မိမိနှင့် ၎င်းတို့သည် ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်နေပြီး ဆေးသုံးသူများနှင့် ဆုံစည်းနိုင်စရာအကြောင်းမရှိတော့ပေ။

**မူးယစ်သားကောင်များအတွက် အကြံပြုချက်**

လူဆိုသည်မှာ မှားတတ်သည့်အမျိုးဖြစ်ပါသည် (ဝါ) အမှားမကင်းပေ။ သို့သော် ထိုအမှားကို တစ်သက်တာလုံး ထမ်းပိုးထွေးပိုက်ပြီး သယ်သွားစရာမလိုအပ်ပေ။ "မှား၊ မှားမှန်းသိ လူတော်ဖြစ်၏" "မကောင်း၊ မကောင်းမှန်းသိ လူကောင်းဖြစ်၏၊ မကောင်းလျက်ပင် ကောင်းသည်ထင် မကောင်းမြဲ မကောင်းမည်ပင်" ဆိုသည့် ဆုံးမစကားအတိုင်း မကောင်းသော အရာမှန်သမျှကို ဖြတ်တောက်ပါ။ မည်သူမျှ မွေးကတည်းက ဆေးမသုံးတတ်ကြပေ။ မည်သည့်ကျောင်း၊ မည်သည့် စာပေများကလည်း ဆေးသုံးစွဲရန် သင်ပြရိုးထုံးစံအလျှင်းမရှိပေ။ မိမိအမှားကို မိမိကိုယ်တိုင် ချေဖျက်ရပါမည်။ အမှန်တကယ် ပြတ်ချင်စိတ်လည်းရှိရပါမည်။ မိဘ၊ အုပ်ထိန်းသူများကလည်း ပြန်လည်ထူထောင်ရေးပိုင်းတွင် အတတ်နိုင်ဆုံး စိတ်ရှည်ရှည်ဖြင့် ကူညီအားပေးရန်လိုပါသည်။ ကာယကံရှင်ဘက်ကလည်း ကိုယ့်ကို မိသားစုများ၊ လူအများ ယုံကြည်လာအောင် နေပြနိုင်ရပါမည်။ အဓိကအချက်မှာ မိမိကိုယ်တိုင်က စိတ်ပြတ်သားရန်လိုပါသည်။ လူ့ဘဝ ရခဲလှသည်။ လူ့ဘဝ၊ လူဖြစ်ရတုန်းခဏတွင် မူးယစ်သားကောင်ဖြစ်နေမည်ဆိုပါလျှင် ဘယ်လိုနည်းနဲ့မျှ ကံ (၅) ပါး မလုံတော့ပေ။ တစ်သံသရာလုံးမှောက်တတ်သည်။

မူးယစ်ဆေးဖြတ်ထားပြီးလျှင်လည်း ယခင်က ဆေးသုံးဖော်၊ ဆေးဝယ်ဖူးသူများကို ဝေးဝေးက ရှောင်သင့်ပါသည်။ ပြတ်ပြတ်သားသားလမ်းခွဲပါ။ မိမိကိုယ်ကို တကယ်ချစ်ပါ။ မိသားစုကိုချစ်ပါ။ မိမိအတွက်ကြောင့် မိသားစုကို ဝန်ထုပ်ဝန်ပိုး မဖြစ်ပါစေနှင့်။ မိသားစုအပေါ် တာဝန်သိစိတ်၊ တာဝန်ယူချင်စိတ်ရှိပါ။ အရက်သောက်ခြင်း၊ ကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်း၊ ဆေးလိပ်သောက်သုံးခြင်းကြောင့် နောက်ဆက်တွဲဆိုးကျိုးအဖြစ် ကုသရန်ခက်ခဲသည့် ကင်ဆာရောဂါများဖြစ်လာနိုင်ပါသည်။ အထူးသဖြင့် ခံတွင်းကင်ဆာ၊ အစာရေမျိုကင်ဆာ၊ အသည်းကင်ဆာ၊ အဆုတ်ကင်ဆာ၊ ကျောက်ကပ်ကင်ဆာများကို ဖြစ်စေပါသည်။ ထို့ပြင် ခြေပုပ်လက်ပုပ်ရောဂါ၊ မျက်စိရောဂါ၊ ပန်းသေပန်းညှိုးရောဂါ ဖြစ်တတ်သည်။ ဆေးလိပ်သောက်၍ ထွက်ရှိလာသော နီကိုတင်းအဆိပ်က ပတ်ဝန်းကျင်ရှိသူများကို second smoker အဖြစ် ဆေးလိပ်ငွေ့အန္တရာယ်ဖြစ်စေသည်။ ကိုယ်ဝန်ဆောင်သူ၏ သန္ဓေသားအတွက် third smoker အဖြစ် ကိုယ်ဝန်ပျက်ကျခြင်း၊ လမစေ့ဘဲမီးဖွားခြင်း၊ အင်္ဂါမစုံသော ကလေးမွေးဖွားခြင်းဖြစ်တတ်သည်။

ထို့ပြင် အီးစီးကရက်ကလည်း ဆေးလိပ်သောက်ခြင်းတစ်မျိုးဖြစ်သည်။ အီးစီးကရက်သောက်၍ ဆေးလိပ်မပြတ်ပေ။ ၎င်းထဲတွင်ပါသော ဂက်စ်အရည်က အခန့်မသင့်လျှင် ပေါက်ကွဲပြီး လူကိုဘေးဖြစ်စေသည်။ ယနေ့ခေတ်တွင် ဈေးအပေါဆုံး ဆေးလိပ်ဘူးတစ်ဘူး၏ တန်ဖိုးသည် ကြက်ဥအလုံးကြီးကြီးငါးလုံးနှင့် ညီမျှပါသည်။ ဆေးလိပ်သောက်ခြင်းသည် ကြက်ဥများကို အလဟဿ ပစ်ပေါက်ခွဲနေခြင်းဖြစ်ကြောင်း ယုံမှားသံသယဖြစ်ဖွယ်မဟုတ်ပါ။ တစ်နည်းဆိုရလျှင် ပိုက်ဆံကို မီးရှို့နေခြင်းဖြစ်သည်။ ဆေးလိပ်သောက်၊ ကွမ်းစားခြင်းကြောင့် ကုန်ကျစရိတ်ကို မိသားစုနှင့်အတူ အဆာပြေ ကြက်ဥပြုတ်စားကြမည်ဆိုပါက ကျန်းမာရေးအတွက်လည်း အထောက်အကူဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ယခုကာလ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားနေဆဲတွင် ကွမ်းတံတွေးများကို တွေ့ကရာနေရာ ထွေးထုတ်မည်ဆိုပါက အကယ်၍ မိမိတွင် Covid Positive ဖြစ်နေမည်ဆိုလျှင် အခြားသူများကို ကွမ်းတံတွေးကတစ်ဆင့် ရောဂါဖြန့်ဝေရာရောက်ပါသည်။ သို့ပါ၍ စိတ်ကိုပြောင်းလဲစေတတ်သော၊ လူကိုဘေးဖြစ်စေတတ်သော၊ လူညွန့်တုံးစေတတ်သော၊ လူမျိုးတုံးစေတတ်သော မူးယစ်နွယ်ဝင်မှန်သမျှကို ရှောင်ရှားကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

# စိုက်ပျိုးရေးကျောင်း ပျဉ်းမနားရာပြည့်ပွဲ (ဒုတိယနေ့) နေပြည်တော် ရှစ်မြို့နယ်မှ တောင်သူများနှင့်ဒေသခံပြည်သူများ လာရောက်လေ့လာ

နေပြည်တော် ဇွန် ၂၅

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်တို့သည် ယနေ့တွင် စိုက်ပျိုးရေးကျောင်း ပျဉ်းမနားစတင်တည်ထောင်ခြင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပြပွဲသို့ လာရောက်လေ့လာကြသည့် နေပြည်တော်ကောင်စီနယ်မြေ မြို့နယ် ရှစ်မြို့နယ်မှ တောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လယ်ယာကဏ္ဍပိုမိုဖွံ့ဖြိုးလာရေး၊ တောင်သူများ ဝင်ငွေတိုးတက်ရေးဆိုင်ရာများ အားပေးစကားပြောကြားပြီး တောင်သူများနှင့်အတူ ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။



**ခင်းကျင်းပြသထား**

စိုက်ပျိုးရေးသိပ္ပံ (ပျဉ်းမနား) ကျောင်းဝင်းအတွင်း ကျင်းပလျက်ရှိသည့် အဆိုပါပြပွဲတွင် နှစ်(၁၀၀) သက်တမ်းရှိ ရှေးဟောင်းအဆောက်အအုံနှင့် ခေတ်အဆက်ဆက် သုံးစွဲခဲ့သည့် ရှေးဟောင်းလယ်ယာသုံး စက်ပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ လက်သမားပစ္စည်းများကို ဗဟုသုတဖြစ်ဖွယ် ခင်းကျင်းပြသထားသကဲ့သို့ ခေတ်အဆက်ဆက် စိုက်ပျိုးရေးပညာရပ် သင်ရိုးညွှန်းတမ်းပြခန်းများ၊ ခေတ်မီစက်မှုလယ်ယာသုံးယာဉ်ယန္တရားများ ပစ္စည်းများ၊ စိုက်ပျိုးရေပေးဝေရေးဆိုင်ရာ ပြခန်းများ၊ စိုက်ပျိုးရေးအထူးပြုကုမ္ပဏီများ၏ မျိုးစေ့များနှင့် စိုက်ပျိုးရေးသွင်းအားစုများ၊ လယ်ယာလုပ်ငန်းသုံးပစ္စည်းများ မိတ်ဆက်အရောင်းပြခန်းများ ခင်းကျင်းပြသထားမှုကို ဒေသခံပြည်သူများနှင့် တောင်သူများက စိတ်ပါဝင်စားစွာ လာရောက်လေ့လာလျက်ရှိသည်။

ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မျိုးစေ့နှင့် သွင်းအားစု အရည်အသွေး မှန်ကန်ရေး စိစစ်အသုံးပြုရန်လိုအပ်ချက်များ၊ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူအသုံးပြုရာတွင် အရည်အသွေးမှန်ကန်စွာ ရွေးချယ်နိုင်ရန် သတိပြုရမည့်အချက်များကို နည်းပညာပေး ဟောပြောဆွေးနွေးပြီး လက်တွေ့ရှင်းလင်းပြသကြသည်။

ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ပျဉ်းမနား တပ်ရင်း၊ တပ်ခွဲများ အခြေချ တပ်စွဲခဲ့သည့်နေရာဖြစ်သော စိုက်ပျိုးရေးသိပ္ပံကျောင်း နယ်မြေသည် မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် တန်ဖိုးကြီးမားသည့် ဒေသတစ်ခုဖြစ်သကဲ့သို့ စိုက်ပျိုးရေးပညာသမိုင်းတွင် မြန်မာနိုင်ငံ၏ ပထမဆုံးသော စိုက်ပျိုးရေးသိပ္ပံအဖြစ် စိုက်ပျိုးရေး မွေးမြူရေး ပညာရှင် အမြောက်အမြားကို မွေးထုတ်ပေးနိုင်ခဲ့သည်။ Mr.Brayton Clarke Case (ဗိုလ်ကိတ်ကြီး) က စိုက်ပျိုးရေးကျောင်းအဖြစ် စမ်းသပ်ဖွင့်လှစ်ခဲ့ပြီး ၁၉၂၃ ခုနှစ်တွင် တည်ဆောက်ခဲ့သည့် နှစ်(၁၀၀) သက်တမ်းရှိ အဆောက်အအုံကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရှေးဟောင်းအဆောက်အအုံ အမှတ်- နပတ - ၃၀၀၁ အဖြစ် သတ်မှတ်ပေးခဲ့သဖြင့် နေပြည်တော်ကောင်စီနယ်မြေတွင် ပထမဦးဆုံးသော ရှေးဟောင်းအဆောက်အအုံဖြစ်၍ ဒေသခံပြည်သူများက ဂုဏ်ယူဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

---



## ရမည်းသင်းခရိုင် မြို့နယ်လျှပ်စစ်ဝန်ထမ်းများ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရမည်းသင်း ဇွန် ၂၅

ရမည်းသင်းမြို့နယ် အင်တိုင်းကျေးရွာ လျှပ်စစ်ဓာတ်အားခွဲရုံဝင်းအတွင်း ယမန်နေ့ နံနက် ၉ နာရီက စုပေါင်းသစ်ပင်စိုက်ပွဲ ကျင်းပရာ ရမည်းသင်းခရိုင် လျှပ်စစ်မန်နေဂျာ ဦးမြင့်တိုး၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့် ဦးဆောင်၍ လျှပ်စစ်ဝန်ထမ်း ၃၀၊ အင်တိုင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသန်းလွင်၊ ကျေးရွာလျှပ်စစ် မီးလင်းရေးကော်မတီအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း အင်အား ၁၀၀ ကျော် စုပေါင်း၍ သရက်ပင် ၇၀၊ ရတနာတန်းဝင် ကျွန်းပင် ၂၀၊ အရိပ်ရသစ်ပင် ၁၀ ပင် တပျော်တပါး စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

၁၄၄

---

## မြန်အောင်မြို့နယ်၌ မိုးစပါးအတွက် ပိုက်ဆံလျှော်ထည့်သွင်းခြင်းအခမ်းအနား ကျင်းပ

မြန်အောင် ဇွန် ၂၅

ဧရာဝတီတိုင်းဒေသကြီးအတွင်း မိုးစပါးမြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုက်ဆံလျှော် (သစ်စိမ်းမြေဩဇာ) ထည့်သွင်းခြင်းအခမ်းအနားကို မြန်အောင်မြို့နယ် တာခွတဲကြီးကုန်းကျေးရွာအုပ်စု တောင်သူ ဦးသန်းထွဋ်၏ လယ်မြေကွင်းအမှတ်(၂၅၀) ဦးပိုင်အမှတ်(၁၄၄/၁)၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြန်အောင်မြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးမြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ) ဧက ၃၄၀၀ စိုက်ပျိုးထားရှိရာ ယနေ့အထိ ကျေးရွာအုပ်စု ၂၃ အုပ်စုရှိတောင်သူ ၂၂၇ ဦး၏ လယ်မြေ ၂၆၈ ဧကတွင် ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ) ထည့်သွင်းပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---



## ဓနုဖြူမြို့နယ်၌ မိုးစပါးအတွက် ပိုက်ဆံလျှော် မြေခံထည့်သွင်းခြင်းအခမ်းအနား ကျင်းပ

ဓနုဖြူ ဇွန် ၂၅

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် မိုးစပါး မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုက်ဆံလျှော် (သစ်စိမ်းမြေဩဇာ)မြေခံထည့်သွင်းခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ထီကွေ့ကျေးရွာ မျိုးစေ့ထုတ်တောင်သူ ဦးကျော်ဝင်းစိန်၏ လယ်မြေ ၁၆ ဧက၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးချစ်ဝင်းနိုင်က ပိုက်ဆံလျှော် မြေခံထည့်သွင်းရခြင်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ဝေအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တောင်သူများက ပိုက်ဆံလျှော် မြေခံထည့်သွင်းနေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## ရွှေပြည်သာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအသိပညာပေး ဆွေးနွေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၅

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေး အသိပညာပေး ဆွေးနွေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြု ဗဟိုဌာန ဘက်စုံသုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် သတင်းစာဆရာအသင်းနှင့် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (အင်းစိန်မြို့နယ်) ဥက္ကဋ္ဌ စာရေးဆရာ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)က ကမ္ဘာပေါ်တွင် လူသားထုတစ်ရပ်လုံး၏ သက်ရှည်ကျန်းမာစိတ်ချမ်းသာရေးကို ဒုက္ခပေးနေသည့် ကိုဗစ်-၁၉ ရောဂါသမိုင်းကြောင်း၊ ရောဂါလက္ခဏာများအကြောင်း ကာကွယ်ကုသရေးနှင့် နည်းလမ်းများအကြောင်း၊ ရောဂါကာကွယ်ရန်အတွက် ရှောင်ရန်၊ ဆောင်ရန်၊ သတိပြုရမည့်အချက်များနှင့် နိုင်ငံတော်အစိုးရ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေး ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာများကို ဗဟုသုတရဖွယ် ပညာပေးဆွေးနွေးဟောပြောခဲ့သည်။

အဆိုပါ ဆွေးနွေးဟောပြောချက်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အွန်လိုင်းမှတစ်ဆင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သိရသည်။

မြင့်ဦး

---



ဇွန် ၂၅ ရက်က ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အထောက်အကူပြုနိုင်ရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့နှင့် ဗုဒ္ဓဟူးနေ့ နှစ်ရက်အား ပလတ်စတစ်မသုံးစွဲရနေ့အဖြစ် သတ်မှတ်ထားရှိမှုအပေါ် လိုက်နာခြင်း ရှိ၊ မရှိကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကမ်းနားလမ်းရှိ ကန်ကြီးထောင့်မြို့မဈေးကြီးအတွင်း လိုက်လံစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

---

**ပြည့်ဝဆီများကို**
**တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ**
**စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” တိုက်ခတ်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှာဖွေကယ်ဆယ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများ

**တွေ့ဆုံမေးမြန်း - ဝင်းဝင်း**

သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Center– DMC) သည် မိုခါမုန်တိုင်းနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ပေးသည့် ဗဟိုဌာန ဖြစ်ပါသည်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်တွင် လုပ်ငန်းကော်မတီ ၁၂ ခုကို ဖွဲ့စည်းထားရှိပြီး အဆိုပါလုပ်ငန်းကော်မတီများသည် DMC တွင်စုဖွဲ့ကာ မိုခါမုန်တိုင်းနှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို အရေးပေါ်တုံ့ပြန်ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းကော်မတီ ၁၂ ခုအနက် တစ်ခုအပါအဝင်ဖြစ်သည့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့်တွေ့ဆုံ မေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။

**မေး ။ ။ မုန်တိုင်းမဖြစ်ပွားမီ ပြင်ဆင်ဆောင်ရွက် ထားရှိမှုများကို သိလိုပါတယ်။**

**ဖြေ ။ ။** မိုခါ ဆိုင်ကလုန်းမုန်တိုင်း မဖြစ်ပွားမီ သတင်းရရှိချိန် (သာမန်အချိန်)ဖြစ်တဲ့ မေလ ၈ ရက်နေ့မှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Center–DMC)ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ကော်မတီအနေနဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန(Disaster Management Center – DMC) မှာ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်ပြီး တပ်ဖွဲ့ဝင်ရှစ်ဦးနဲ့ ၂၄ နာရီတာဝန်ထမ်းဆောင်ခဲ့ပါတယ်။

မုန်တိုင်းမဝင်ရောက်မီ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်တွေ တစ်နိုင်ငံလုံးမှာ စုဖွဲ့ထားရှိမှုအနေနဲ့ တစ်မြို့နယ်မှာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ တပ်စုတစ်စု၊ အင်အား ၃၅ ဦးစီ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့တော်တွေမှာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ တပ်ခွဲတစ်ခွဲ၊ အင်အား ၁၁၆ ဦးစီ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် (ရန်ကုန်) မှာ ရှာဖွေကယ်ဆယ်ရေး အထူးအဖွဲ့ တပ်ဖွဲ့ဝင် ၅၀ တို့နဲ့ အသင့်စုဖွဲ့ဆောင်ရွက်ထားရှိခဲ့ပါတယ်။

**အရေးကြီးချိန် ဆောင်ရွက်ခြင်း (ကြိုတင်သတိပေးချက်ရရှိချိန်) အနေနဲ့** ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီအနေနဲ့ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နဲ့ ဧရာဝတီတိုင်း ဒေသကြီးအတွင်းက ဘေးအန္တရာယ်သက်ရောက်နိုင်တဲ့ နေရာတွေမှာနေထိုင်တဲ့ ပြည်သူတွေ ဘေးလွတ်ရာကိုကူညီရွှေ့ပြောင်းပေးခြင်း၊ မုန်တိုင်းဘေးလွတ်ကင်းရာနေရာအဖြစ် သတ်မှတ်ထားတဲ့နေရာ (Shelter) တွေကို သောက်သုံးရေ ပေးဝေလှူဒါန်းခြင်း၊ မုန်တိုင်းအန္တရာယ် ဆော်ဩသတိပေး ဆောင်ရွက်ခြင်း၊ မုန်တိုင်းအန္တရာယ် ကျရောက်ပါက အရေးပေါ်အသုံးပြုနိုင်တဲ့ အသက်ကယ်ပစ္စည်းတွေ အကြောင်းနဲ့ အသုံးပြုပုံနည်းစနစ်တွေ ရှင်းလင်းပြသခြင်းလုပ်ငန်းတွေကို ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။

**မေး ။ ။ မုန်တိုင်းကာလ အရေးပေါ်အချိန်အတွင်း ဆောင်ရွက်ရတာတွေကိုလည်း သိလိုပါတယ်။**

**ဖြေ ။ ။** မီးသတ်ဦးစီးဌာနအနေနဲ့ မိုခါ ဆိုင်ကလုန်းမုန်တိုင်း ဖြတ်ကျော်ဝင်ရောက်ရာ ဒေသတွေဖြစ်တဲ့ ရခိုင်ပြည်နယ် စစ်တွေ၊ ကျောက်ဖြူ၊ ဘူးသီးတောင်၊ မင်းပြား၊ မောင်တော၊ မြေပုံ၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ မြောက်ဦးမြို့နယ်၊ ချင်းပြည်နယ် မင်းတပ်၊ မတူပီ၊ ဟားခါး၊ ဖလမ်း၊ တွန်းဇံ၊ တီးတိန်နဲ့ ပလက်ဝမြို့နယ်တွေကို မုန်တိုင်းမဝင်ရောက်မီ မုန်တိုင်းသတင်းတွေ အချိန်နဲ့တစ်ပြေးညီ လိုက်လံကြေညာပေးခြင်း၊ ဘေးအန္တရာယ်ဖြစ်ပွားမှုကြောင့် ပျက်စီးပြိုပျက်နိုင်တဲ့နေရာဒေသတွေက ပြည်သူတွေကို ဘေးလွတ်ရာရွှေ့ပြောင်းပေးခြင်း၊ မုန်တိုင်း ဝင်ရောက်နေစဉ်ကာလအတွင်း ကယ်ဆယ်ရှင်းလင်းရေး လုပ်ငန်းတွေ ဆောင်ရွက်ပေးခြင်းနဲ့ မုန်တိုင်းဝင်ရောက်ပြီး သုံးနာရီအတွင်း အပျက်အစီးတွေ ရှင်းလင်းခြင်း၊ လမ်းမကြီးတွေ ပိတ်ဆို့နေမှုကို ရှင်းလင်းခြင်းတို့ကို ရခိုင်ပြည်နယ်အတွင်း မြို့နယ်အလိုက် ဖွဲ့စည်းထားရှိတဲ့ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်တွေက ချက်ချင်းတုံ့ပြန် ဆောင်ရွက်ပေးခဲ့ပါတယ်။

**မေး ။ ။ ပြန်လည် ထူထောင်ရေး ဆောင်ရွက်နေမှုကိုလည်းသိရှိလိုပါတယ်။**

**ဖြေ ။ ။** ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးရဲ့ လမ်းညွှန်ချက်အရ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်(ရန်ကုန်)မှာ အသင့်စုဖွဲ့ထားရှိတဲ့ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် စုစုပေါင်း ၄၁၈ ဦးကို မုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့တဲ့ အပျက်အစီးတွေကို ကူညီကယ်ဆယ်ရေး ဆောင်ရွက်ဖို့ မေလ ၁၇ ရက်နေ့က စတင်ပြီး တပ်မတော်ပိုင် လေယာဉ်



ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ

ငါးစင်းနဲ့ စစ်တွေမြို့ကို စေလွှတ်ခဲ့ပါတယ်။ ဒီတပ်ဖွဲ့ဝင်တွေက စစ်တွေမြို့ကို ရောက်တဲ့အချိန်မှာ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး ထိခိုက်ပျက်စီးမှု အခြေအနေကို ကနဦး စစ်ဆေးကြည့်ရှုခြင်း၊ အပျက်အစီးတွေကို ဖယ်ရှားရှင်းလင်းခြင်း စသဖြင့် ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

မေလ ၁၈ ရက်နေ့မှာ ဧရာဝတီတိုင်းဒေသကြီးက ရှာဖွေကယ်ဆယ်ရေးတပ်ခွဲ အင်အား ၁၁၆ ဦးကို ပေါက်တောမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးက ရှာဖွေကယ်ဆယ်ရေးတပ်ခွဲ အင်အား ၁၁၆ ဦးကို ရသေ့တောင်မြို့တို့ကို စေလွှတ်ပြီး ကယ်ဆယ်ရှင်းလင်းရေးလုပ်ငန်းတွေ ဆောင်ရွက်စေခဲ့ပါတယ်။

ရခိုင်ပြည်နယ်ကို ရောက်ရှိနေတဲ့ တပ်ဖွဲ့ဝင်တွေ လုပ်ငန်းစဉ် စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ဖို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်က ရိက္ခာနဲ့ လုပ်ငန်းသုံးပစ္စည်းတွေ ထောက်ပံ့ပေးအပ်မှုအနေနဲ့ မေလ ၁၉ ရက်နေ့မှာ လုပ်ငန်းသုံးပစ္စည်း Chain Saw လွှသွား အခု ၁၀၀၊ Plug အခု ၃၀၊ 2T လေးပါကင်၊ Engine Oil ဂါလန် ၅၀၊ ရိက္ခာ ကြက်ဥ အလုံး ၁၀၀၀၊ ကော်ဖီမစ်ပါကင် ၅၀၊ ပေါင်မုန့် အလုံး ၁၀၀၀၊ အချိုရည် ၇၄၄ ဘူး၊ ခေါက်ဆွဲခြောက် တစ်ဖာတို့ကို ပေးအပ်ခဲ့ပါတယ်။

မေလ ၂၀ ရက်နေ့မှာ အပျက်အစီးများပြားတဲ့ စစ်တွေမြို့ကို အင်အားအလုံးအရင်းနဲ့ ရှင်းလင်းရေးဆောင်ရွက်နိုင်ဖို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးက ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်တဲ့ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင် ၄၆ ဦး၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် (ရန်ကုန်) က ရှာဖွေကယ်ဆယ်ရေး (အထူး) တပ်ဖွဲ့ဝင် ၁၅ ဦး နေပြည်တော်မီးသတ်ဦးစီးမှူးရုံးက ၃၅ ဦးနဲ့ မွန်ပြည်နယ် မီးသတ်ဦးစီးမှူးရုံးက ၃၅ ဦး စုစုပေါင်း ၁၃၁ ဦးကို တပ်မတော်လေယာဉ်တွေနဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နဲ့ နေပြည်တော်လေဆိပ်တို့က စေလွှတ်ခဲ့ပါတယ်။

ပေါက်တောမြို့မှာ ရောက်ရှိ ရှင်းလင်းရေး ဆောင်ရွက်ပြီးစီးခဲ့တဲ့ ဧရာဝတီတိုင်းဒေသကြီးက ရှာဖွေကယ်ဆယ်ရေးတပ်ခွဲ အင်အား ၁၁၆ ဦးကို စစ်တွေမြို့ကို ခေါ်ယူအားဖြည့်ဆောင်ရွက်စေခဲ့သလို မေလ ၂၇ ရက်နေ့မှာ ရသေ့တောင်မြို့နယ်မှာ ကယ်ဆယ်ရှင်းလင်းရေး ဆောင်ရွက်ပြီးစီးတဲ့ ပဲခူးတိုင်းဒေသကြီးက ရှာဖွေကယ်ဆယ်ရေး တပ်ခွဲတစ်ခွဲ၊ အင်အား ၁၁၆ ဦးကို ပြန်လည် ခေါ်ယူဆောင်ရွက်စေခဲ့ရာ **စုစုပေါင်းမီးသတ်တပ်ဖွဲ့ဝင် ၄၉၉ ဦး၊ ရန်ကုန်တိုင်းဒေသကြီးက ပရဟိတအဖွဲ့ဝင် ၅၀ စုစုပေါင်း ၅၄၉ ဦးနဲ့** ဆောင်ရွက်ခဲ့ပါတယ်။

ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းကော်မတီအနေနဲ့ ရခိုင်ပြည်နယ်အတွင်း ကယ်ဆယ် ရှင်းလင်းရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ စေလွှတ်ခဲ့တဲ့ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၅၄၉ ဦးက မေလ ၁၇ ရက်နေ့ကနေ ဇွန်လ ၃ ရက်နေ့အထိ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်၊ ပေါက်တောမြို့နယ်နဲ့ ရသေ့တောင်မြို့နယ်တွေက ဆေးရုံ/ဆေးခန်း၊ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်း၊ ဘုရားပုထိုးစေတီ၊ ဈေး၊ ရပ်ကွက်၊ လမ်း၊ ဌာနဆိုင်ရာအဆောက်အအုံ၊ ဆက်သွယ်ရေးတာဝါတိုင်၊ ပြတိုက်၊ ပန်းခြံ၊ အားကစားကွင်း၊ တက္ကသိုလ်စတဲ့ နေရာတွေကို ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

တပ်ဖွဲ့ဝင်တွေအနေနဲ့ နေအိမ်အဆောက်အအုံတွေအပေါ်ကို လဲကျပိမိနေတဲ့ သစ်ပင်ကြီးတွေ၊ လမ်းပိတ်ဆို့နေတဲ့သစ်ပင်၊ သစ်ကိုင်းတွေကို Chain Saw တွေ အသုံးပြုပြီး ရှင်းလင်းဖယ်ရှားရသလို လဲကျနေတဲ့ ဓာတ်တိုင်တွေ၊ ပြိုကျနေတဲ့ သံထည်အဆောက်အအုံတွေ၊ တာဝါတိုင်တွေကို Engine Cutter နဲ့ Hydraulic Cutter တွေ အသုံးပြုပြီး သက်ဆိုင်ရာဌာနတွေက ယာဉ်/စက်ယန္တရားအကူအညီနဲ့ ရှင်းလင်းပေးနိုင်ခဲ့ပါတယ်။ **စာမျက်နှာ ၉ သို့ ✣**

> **ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီအနေနဲ့ ရခိုင်ပြည်နယ်အတွင်း ကယ်ဆယ်ရှင်းလင်းရေး လုပ်ငန်းတွေဆောင်ရွက်နိုင်ဖို့ စေလွှတ်ခဲ့တဲ့ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၅၄၉ ဦးက မေလ ၁၇ ရက်နေ့ကနေ ဇွန်လ ၃ ရက်နေ့အထိ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်၊ ပေါက်တောမြို့နယ်နဲ့ ရသေ့တောင်မြို့နယ်တွေက ဆေးရုံ/ဆေးခန်း၊ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်း၊ ဘုရားပုထိုးစေတီ၊ ဈေး၊ ရပ်ကွက်၊ လမ်း၊ ဌာနဆိုင်ရာအဆောက်အအုံ၊ ဆက်သွယ်ရေးတာဝါတိုင်၊ ပြတိုက်၊ ပန်းခြံ၊ အားကစားကွင်း၊ တက္ကသိုလ် စတဲ့နေရာတွေကို ရှင်းလင်းဆောင်ရွက်နိုင်ခဲ့**

ရှာဖွေကယ်ဆယ်ရေးအထူးတပ်ဖွဲ့ဝင်များ စစ်တွေမြို့၊ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ထိခိုက် ပျက်စီးမှု အခြေအနေများအား စစ်ဆေးကြည့်ရှုနေပုံ (လုပ်ငန်းမဆောင်ရွက်မီ)





ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ ပြည်သူများ ဘေးကင်းရာနေရာများသို့ ရွှေ့ပြောင်းသွားလာရာတွင် ကူညီဆောင်ရွက်ပေးမှု





၁၇-၅-၂၀၂၃ ရက်နေ့တွင် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ရန် စစ်တွေမြို့သို့ ရောက်ရှိသည့် မှတ်တမ်းဓာတ်ပုံ





ရခိုင်ပြည်နယ်၌ ကယ်ဆယ်ရှင်းလင်းလုပ်ငန်းများ အင်အားဖြည့် ဆောင်ရွက်နိုင်ရန် ရှာဖွေကယ်ဆယ်ရေးအထူး တပ်ဖွဲ့ဝင်များအား ၂၁-၅-၂၀၂၃ ရက်နေ့တွင် တပ်မတော်လေယာဉ်များဖြင့် ထပ်မံစေလွှတ်နေပုံ





✣ စာမျက်နှာ ၈ မှ

ဒါ့အပြင် မီးသတ်သမားတွေ အဓိကအားပြုဆောင်ရွက်ရတဲ့ ပစ္စည်း၊ နည်းပညာကတော့ လိုအပ်တဲ့ ကြိုးချည်နည်းကို အသုံးပြုဆောင်ရွက်ရတာဖြစ်ပါတယ်။ တပ်ခွဲ(၁)ခွဲမှာ ကြိုးအနေနဲ့ ၁၄ ပေ၊ ၆၀ ပေ ၅၀၊ ၁၀၀၊ ၁၀၀ မီတာစတဲ့ ကြိုးအမျိုးအစားစုံ အရေအတွက်စုံနဲ့ ဆောင်ရွက်ရတာဖြစ်ပါတယ်။ ကယ်ဆယ်ရေးဆောင်ရွက်မယ့် မီးသတ်သမား တစ်ယောက်စီမှာ ၁၄ ပေကြိုး ကိုယ်စီ ပါရှိရသလို လက်အိတ်၊ မျက်မှန်၊ လက်နှိပ်ဓာတ်မီး၊ Life jacket၊ Carabiner ကွင်းစတဲ့ အနည်းဆုံးပစ္စည်း ၂၃ မျိုးကိုအသုံးပြုဆောင်ရွက်ရတာဖြစ်ပါတယ်။

**မေး ။ ။ ဖြည့်စွက် ပြောကြားလိုတာ ရှိရင်ပြောကြားပေးပါ။**

**ဖြေ ။ ။** ရှာဖွေကယ်ဆယ်ရေး လုပ်ငန်း ကော်မတီအနေနဲ့အခုလိုကူညီ ရှင်းလင်းရေးလုပ်ငန်းတွေကို မြန်မြန် ဆန်ဆန် လူအင်အား၊ စက်အင်အား ဖြည့်တင်းဆောင်ရွက်နိုင်ခြင်း၊ တပ်ဖွဲ့ဝင်တွေရဲ့ လုပ်ငန်းခွင်လိုအပ်ချက်တွေကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေက ဖြည့်ဆည်းပေးခဲ့သလို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ကလည်း အချိန်နဲ့ တစ်ပြေးညီ ဖြည့်ဆည်းပေးနိုင်ခဲ့ခြင်း၊ သက်ဆိုင်ရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ကလည်း လိုအပ်တဲ့ အုပ်ချုပ်ထောက်ပံ့ ကိစ္စရပ်တွေကို အချိန်နဲ့တစ်ပြေးညီ ဖြည့်ဆည်းပေးနိုင်ခဲ့ခြင်း၊ တပ်ဖွဲ့ဝင်တွေ အင်အားပြည့်ဆောင်ရွက်နိုင်ဖို့ လိုအပ်တဲ့ အစားအသောက်နဲ့ ဆေးဝါး၊ ဝတ်စုံတွေ ပြည်ထဲရေး ဝန်ကြီးဌာနကလည်း ဖြည့်ဆည်းပေးနိုင်ခဲ့တဲ့အတွက် အချိန်တိုအတွင်း အင်ပြည့်အားပြည့် ရှင်းလင်းရေးလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ခဲ့တာ ဖြစ်လို့ အခုရရှိခဲ့တဲ့ အတွေ့အကြုံအပေါ် မူတည်ပြီး လိုအပ်တဲ့ယာဉ်/စက်၊ ပစ္စည်း ကိရိယာတွေဖြည့်တင်းခြင်းနဲ့ တပ်ဖွဲ့ဝင်တွေစွမ်းဆောင်ရည် အမြဲပြည့်ဝ နေစေရေးကို စီမံဆောင်ရွက်သွားမှာဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။ ။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မီးသတ်စခန်းများ၌ လူ/ယာဉ်/စက်ပစ္စည်းကိရိယာများ စုဖွဲ့ထားရှိမှု





ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်မီးသတ်စခန်း၌ လူ/ယာဉ်/စက်ပစ္စည်းကိရိယာများ စုဖွဲ့ထားရှိမှု





## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA –011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA– 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။


၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $ နှင့် UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်–

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇–၃၄၀၄၀၅၀<br>၀၉–၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉–၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉–၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇–၃၄၀၄၀၄၈<br>၀၉–၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉–၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇–၃၄၀၄၃၁၆<br>၀၉–၄၃၀၅၄၈၄၄ | | |




























အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

# ဆိုင်ကလုန်း(မိုခါ)ကျရောက်ခဲ့သော ရခိုင်ပြည်နယ် စစ်တွေမြို့၌ ကျန်းမာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် အထူးကုဆေးကုသရေးအဖွဲ့ ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်



နေပြည်တော် ဇွန် ၂၅

ကျန်းမာရေးဝန်ကြီးဌာနသည် ဆိုင်ကလုန်း(မိုခါ) ကျရောက်ခဲ့သော ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေး စောင့်ရှောက်မှုကို အားဖြည့် ဆောင်ရွက်နိုင်ရေးအတွက် ရခိုင်ပြည်နယ်အတွင်းရှိ ဆေးရုံများမှ အထူးကုဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအပြင် အထွေထွေရောဂါကုသမားတော်၊ ခွဲစိတ်အထူးကု၊ အရိုးအထူးကု၊ ကလေးအထူးကုဆရာဝန်များပါဝင်သောအထူးကုဆေးအဖွဲ့များ စေလွှတ်၍ ရခိုင်ပြည်နယ်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အငြိမ်းစားအထူးကုဆရာဝန်ကြီးများ၊ လက်ရှိတာဝန်ထမ်းဆောင်ဆဲ အထူးကုဆရာဝန်ကြီးများ၊ ပုဂ္ဂလိကအထွေထွေရောဂါကုဆရာဝန်များ ပါဝင်သော အထူးကုဆေးကုသရေးအဖွဲ့သည် ဝိသာခါဖောင်ဒေးရှင်း၏ ပူးပေါင်းကူညီပံ့ပိုးမှုဖြင့် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ သွားရောက်ကာ ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့၌ ဒေသခံပြည်သူများကို ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။

အထူးဆေးကုသရေး အဖွဲ့ ကုသနေမှုများကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါအထူးကုဆေးကုသရေးအဖွဲ့ကို နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ မှ ဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာရဲမြင့်က ဦးဆောင်၍ နှလုံးရောဂါ၊ ဆီးနှင့် ကျောက်ကပ်ရောဂါ၊ အဆုတ်နှင့် ရင်ခေါင်းရောဂါ၊ အရိုး၊ အကြော၊ အဆစ်ရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါ၊ ဆီးချိုနှင့် ဟော်မုန်းရောဂါ၊ သွေးရောဂါ၊ အရေပြားရောဂါ၊ ဦးနှောက်နှင့် အာရုံကြောရောဂါနှင့် အထွေထွေရောဂါကု သမားတော်ကြီးများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများပါဝင်ပြီး ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့မှ အထူးကု ဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ဆေးကုသမှုများအပြင် Ultrasound, CT scan စသည့် ဓာတ်မှန်ဖြင့် ရောဂါရှာဖွေစမ်းသပ်မှုများ၊ ဓာတ်ခွဲ စမ်းသပ်ကုသမှုများ၊ အစာအိမ်နှင့် အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုပေးခြင်းတို့ကိုပါ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ အထူးကုဆေးကုသမှုတွင် ဒေသခံပြည်သူ စုစုပေါင်း ၁၁၄၄ ဦးကို ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ရာ နှလုံးဆိုင်ရာ ၁၄၅ ဦး၊ ဆီးနှင့် ကျောက်ကပ်ဆိုင်ရာ ၄၈ ဦး၊ အဆုတ်နှင့် ရင်ခေါင်းဆိုင်ရာ ၃၈ ဦး၊ အရိုး၊ အကြော/အဆစ်ဆိုင်ရာ ၂၉၉ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ၅၅ ဦး၊ ဆီးချိုနှင့် ဟော်မုန်းရောဂါဆိုင်ရာ ၇၅ ဦး၊ သွေးရောဂါဆိုင်ရာ ၁၇ ဦး၊ အရေပြားရောဂါဆိုင်ရာ ၁၀၄ ဦး၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ၁၂၉ ဦး၊ အသည်းရောဂါဆိုင်ရာ ၂၁ ဦး၊ ကလေးသွေးရောဂါ ၃၅ ဦးနှင့် အထွေထွေရောဂါဆိုင်ရာ ၁၇၈ ဦးတို့ကို ကုသမှုပေးနိုင်ခဲ့သည်။

ထို့ပြင် ကွန်ပျူတာဓာတ်မှန် (CTScan)ရိုက်ကူးခြင်း ခြောက်ဦး၊ တီဗွီဓာတ်မှန် (Ultrasound) ရိုက်ကူးခြင်း ၂၄ ဦး၊ ဓာတ်မှန်ရိုက်ကူးခြင်း ၄၇ ဦး၊ သွေးစစ်ဆေးခြင်း ၈၆ ဦး၊ အစာအိမ်နှင့်အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုခြင်း ၁၉ ဦး၊ အသံလှိုင်းဖြင့် နှလုံးပုံရိပ်ဖော်စက်(Portable Echocardio-gram)ဖြင့် စစ်ဆေးခြင်း ၂၀ တို့ကိုလည်း ကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

အလားတူ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်သို့ အထူးကုဆရာဝန်ကြီးများ ပါဝင်သော ဆေးကုသရေးအဖွဲ့များ ဆက်လက်စေလွှတ်၍ ရောဂါရှာဖွေကုသမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြသီဆိုဖျော်ဖြေ

နေပြည်တော် ဇွန် ၂၅

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ညနေပိုင်းတွင် ပလက်ဝမြို့ရှိ နယ်မြေခံတပ်ခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်/စစ်သမီးများက အဆို/ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။



ထိုသို့ ဖျော်ဖြေတင်ဆက်ရာ စစ်သည်/ စစ်သမီးများက မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်း အဆို/အကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွှင်ဖွယ်ရာဟာသပြဇာတ်၊ ဒေသ၏ ရိုးရာယဉ်ကျေးမှု အကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေးအစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြပြီး သီဆိုကပြဖျော်ဖြေသော စစ်သည်/ စစ်သမီးများအား နယ်မြေခံတပ်မှ တာဝန်ရှိသူတို့က ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

■

## ရှောင်ဖယ်ဝေးဝေး မူးယစ်ဆေး

☆ တံလျှပ်ကိုရေထင်
ရွှေသမင် အလိုက်များ။
မီးရောင်ကို ရွှေတောင်ယိုးပါလို့
အတင်းပင် နင်းဝင်တိုးတယ်
ပိုးဖလံများ။

☆ ရွှေသမင် အလိုက်များ
ငမိုက်သား အဖြစ်နယ်။
ပိုးဖလံ မီးရောင်တိုးတော့
ဘေးဆိုးကြုံမယ်၊
တံလျှပ်မြင် ရေပြင်အလားရယ်သို့
မီးရောင်မြင် ရွှေတောင်မများပါနဲ့
ရှောင်ရှားလို့ ဆင်ခြင်ကွယ်
အမြင်ကျယ် အတွေးပွား။
ရေပြင်နှယ် ရွှေတောင်အလားရယ်သို့
လှည့်ဖြား မြူဆွယ်လာတဲ့
နွယ်ပမာ တွယ်ကာရစ်တာက
မူးယစ်ဆေးဝါး။

☆ မူးယစ်ဆေး အသုံးများတော့
လုံးပါးပါး ကိုယ်ခန္ဓာ
ပိန်ချုံးလို့လာ၊
အသိမဲ့ မထောက်မညှာ
ကြောက်စရာ သေခြင်းဆိုး။
သေမင်းထံ သေတွင်းနှစ်တယ်
မူးယစ်နှောင်ကြိုး။

☆ လူသားတွေ ဒုက္ခပေးနေတဲ့
မူးယစ်ဆေး အန္တရာယ်
နှိမ်နင်းရမယ်၊
တားဆီးလို့ကာကွယ်
ရှောင်ဖယ်စို့ဝေးဝေး။
မူးယစ်ရန် ကင်းစင်အေးမှ
ဘေးကင်းမယ်လေး။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇွန် ၂၅

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက်ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဇွန် ၂၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများကို သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများ အဖြစ်ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာ ချက်များပါဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေး ထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကွန်တိုင်ကျေးရွာအုပ်စုရှိ အစိုးရစက်မှု(အထက)ကျောင်း ခြံဝင်းအတွင်း ပြုလုပ်သော မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးပြီး နယ်စပ်ဒေသ ဂန္ဓာရီလူငယ် ဖွံ့ဖြိုးရေးပရဟိတသင်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကာ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းပြီး ဆန်၊ ဆီနှင့် စားသောက်ကုန် ပစ္စည်းများ လှူဒါန်းခဲ့သည်။ ထို့ပြင် အဆိုပါပရဟိတ ဘုန်းတော်ကြီးကျောင်းတွင် နေထိုင်လျက်ရှိသော ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအားပေး စကားများပြောကြားကာ အာဟာရဖြည့် စားသောက် ဖွယ်ရာများ ကျွေးမွေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ ရခိုင်ပြည်နယ် သံတွဲမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်စိုးနိုင်ဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ နှင့်အတူ ပဒဲကောကျေးရွာရှိ သံတွဲခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနရုံးဝင်းအတွင်း၌ ပြုလုပ်သော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို တက်ရောက် အားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်တောင်သူများ မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရန် မျိုးစပါးများ ပထမအကြိမ်ပို့ဆောင်

**နေပြည်တော် ဇွန် ၂၅**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါ မုန်တိုင်းဒဏ်သင့် တောင်သူများ မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရန် အတွက် လိုအပ်သော မျိုးစပါးများကို အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ၏ စီမံ လမ်းညွှန်မှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက လိုအပ်သည့် မျိုးစပါးများ တင်ပို့ပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စီမံဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့မှ ဝယ်ယူခဲ့သည့် ပေါ်ဆန်းရင် မျိုးစပါးတင်း ၁၄၀၀၀ ကို တပ်မတော်မော်တော်ယာဉ် ဖ၃ စီး ဖြင့်လည်းကောင်း၊ နေပြည်တော် ကောင်စီနယ်မြေမှ ဝယ်ယူခဲ့သည့် GW-11 မျိုးစပါး ၉၂၅၃ တင်းကို တပ်မတော်မော်တော်ယာဉ် ၄၇ စီး ဖြင့်လည်းကောင်း၊ ရေတာရှည် မြို့နယ်မှ ဝယ်ယူခဲ့သည့် နှံကောက် မျိုးစပါး တင်း ၄၃၃၀ ကိုတပ်မတော် မော်တော်ယာဉ် အစီး ၂၀ ဖြင့် လည်းကောင်း ဇွန် ၂၄ ရက်တွင် ပထမအကြိမ် သွားရောက် ပို့ဆောင်လျက်ရှိသည်။



## ဆက်လက်ပို့ဆောင်

အဆိုပါစပါးမျိုးများကိုမော်တော် ယာဉ်များပေါ်သို့ တင်ဆောင်ရာ တွင် နယ်မြေခံတပ်မတော်သား များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် များက ကူညီတင်ဆောင်ပေးခဲ့ ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူ များထံသို့ စနစ်တကျလွှဲပြောင်း ပေးအပ်သွားမည် ဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ်တွင် လိုအပ်လျက် ရှိသည့် မျိုးစပါးများကို အချိန်မီ ရရှိရေး ဆက်လက်ပို့ဆောင်ပေး သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၅**

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်က ကြိုတင်စုဖွဲ့ စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက် ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်ပူးပေါင်း၍ မြို့တွင်းရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန်အတွက် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

# တောင်ကုတ်တက္ကသိုလ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**တောင်ကုတ် ဇွန် ၂၅**

တောင်ကုတ်တက္ကသိုလ်၏ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၂၀ ရက်တွင် ကျင်းပရာ တောင်ကုတ်တက္ကသိုလ် ပါမောက္ခ ချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက အရိပ်ရပင် နှင့် ပန်းပင်များကို တပျော်တပါး စိုက်ပျိုးပေး ခဲ့ကြသည်။

စာသင်ဆောင်များ၏နံဘေး လမ်းမများနှင့် ဘောလုံးကွင်းတွင် သစ်ကနက်အပင် ၁၀၀၊ တည်ပင် ၁၀၄ ပင်၊ ကံ့ကော် ၈၆ ပင်၊ တရုတ်စံကား ၆၄ ပင်၊ မန်ကျည်းရှား အပင် ၆၀ နှင့် သပြေဘူတ ၂၂ ပင် စုစုပေါင်းပျိုးပင် ၄၃၆ ပင် တို့ကို တက္ကသိုလ်ဝင်းအတွင်း စိမ်းလန်းစိုပြည် ရေးနှင့် ဥယျာဉ်ရပ်ကောင်းမွန်ရေးအတွက် စိုက်ပျိုးပေးကြောင်း သိရသည်။ **သတင်းစဉ်**

# ဒိုက်ဦးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံ

**ဒိုက်ဦး ဇွန် ၂၅**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်း ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ထပ်ဆောင်း)ထိုးနှံပေးခြင်းကို ဇွန် ၂၁ ရက်မှစတင်၍ အလှည့်ကျဆောင်ရွက်လျက်ရှိသည်။

အဆိုပါဆေးထိုးခြင်းအား အသက် ၅ နှစ်မှ ၁၂ နှစ်ကြား ပထမ အကြိမ်၊ အသက် ၁၂ နှစ်အထက် လေးကြိမ်မြောက် (ထပ်ဆောင်း) ဆေးထိုးနှံခြင်းကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်မိုးမိုးအေး၏ လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများနှင့် သက်ဆိုင်ရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများပူးပေါင်း၍ ဆောင်ရွက် လျက်ရှိသည်။

ဒိုက်ဦးမြို့နယ်အတွင်း အခြေခံပညာကျောင်း ၁၇၇ ကျောင်း၊ ဘုန်းတော်ကြီးသင်စာသင်ကျောင်း ၁၁ ကျောင်းနှင့် ကိုယ်ပိုင်ကျောင်း



လေးကျောင်းတို့မှ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး နေ့စဉ်အလှည့်ကျထိုးနှံပေးသွားမည်ဖြစ်ကြောင်းသိရ သည်။

**မြို့နယ်(ပြန်/ဆက်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်း

**ထန်းတပင် ဇွန် ၂၅**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရရှိခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကြို့ကုန်းကျေးရွာ၌ မြစိမ်း ရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းကို ဇွန် ၂၃ ရက် နံနက် ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးထွန်းဦးကြည်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်း ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်၊ ဦးစီးအရာရှိ ဒေါ်စန်းစန်းမော်နှင့် ဝန်ထမ်းများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မြစိမ်းရောင် ကျေးရွာစီမံကိန်းရရှိသော ရေဖြူကျေးရွာအုပ်စု ကြို့ကုန်းကျေးရွာနေ ပြည်သူများအား စီမံကိန်းမိတ်ဆက်ရှင်းလင်းခဲ့ကာ ကျေးရွာကြီးကြပ် မှုလုပ်ငန်းအဖွဲ့ ဖွဲ့စည်းပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြောင်းမြမြို့နယ် ရွှေဂူကြီးကျေးရွာရှိ ရှေးဟောင်းရွှေဂူကြီးဘုရား ဌာပနာပိတ်ပွဲ ကျင်းပ

**ပုသိမ် ဇွန် ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် လပွတ်ကုလားကျေးရွာအုပ်စု ရွှေဂူကြီးကျေးရွာရှိ အလေောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော ရှေးဟောင်းရွှေဂူကြီးဘုရား ဌာပနာပိတ်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါစေတီတော်မြတ်ကြီး၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက်ကြည်ညိုခဲ့သည်။

ဦးစွာ ဌာပနာပိတ်ပွဲမင်္ဂလာအခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ မြောင်းမြမြို့ အလယ်တောရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာသီဟ အရှင်သူမြတ်ထံမှ ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များထံသို့ ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများ၊ ဘုရားဌာပနာများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ထည့်သွင်းပူဇော်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဘုရားဒါယကာ၊ ဒါယိကာမများက ဘုရားဌာပနာတော်ပစ္စည်းများကို ပင့်ဆောင်ပူဇော်ကြပြီး အမွှေးနံ့သာရည်များပက်ဖျန်း၍ ဌာပနာတိုက်အတွင်း ထည့်သွင်းပူဇော်ကြရာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များက "ဇယန္တောဗောဓိယာမူလေ" အစရှိသော ဇယမင်္ဂလာ အောင်ဂါထာတော်များကို ရွတ်ဖတ်ပူဇော်ကာ "ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု"သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ မင်္ဂလာအခမ်းအနားကို ရုပ်သိမ်း၍ ရတနာ ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အသောကသီတဂူဘေးမဲ့တောရ ကျောင်းဝင်းအတွင်း၌ ပြုလုပ်သည့် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၊ တိရစ္ဆာန်အစာပင်စိုက်ပျိုးပွဲနှင့် ကော်ဖီသီးနှံ စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**





ရှမ်းပြည်နယ် (မြောက်ပိုင်း) လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးရဲနောင်နှင့်အဖွဲ့သည် လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသော သီပေါ-ပန်လုံ-မန်စံ-နမ္မတူလမ်းပေါ်ရှိ သီပေါမြို့ မိုင်းပွန်လမ်း မြောင်းကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ဇွန် ၂၄ ရက် မွန်းလွဲပိုင်းက ကွင်းဆင်းကြည့်ရှုရာ မြို့နယ်ဦးစီးအရာရှိ ဒေါ်ပိုးအိအိစိုးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။ ၂၁၀

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၀၁၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOBဈေးနှုန်းများကိုနေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်မှ ဇူလိုင် ၂ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၀၁၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောက်တန်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကျောက်တန်း ဇွန် ၂၅**

သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကွန်ကရစ်လမ်းနှင့် အုတ်ရေမြောင်းဖြင့် ရေပေးရေးလုပ်ငန်းဖြစ်သည့် ရေစင်၊ အိမ်တိုင်ရာသွယ်ခြင်း ဆောင်ရွက်မည့် အခြေအနေနှင့် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများကို ဇွန် ၂၃ ရက်က ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထို့နောက် ခေတ်မီစံပြကျေးရွာ ကန်ပြောင်တွင် ကျေးလက်စီးပွားမြှင့်မားရေး ရန်ပုံငွေထူထောင်ခြင်း မွေးမြူရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တင်ဝင်းတင်**

# ထန်းတပင်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ထန်းတပင် ဇွန် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု/တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိပြီး ဇွန် ၂၁ ရက်က လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးကျော်သူကိုကို၊ မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်နှင့် တာဝန်ရှိသူများက မငေးစု ကျေးရွာတွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းနှင့် ကုန်းပန်းထားကျေးရွာတွင် တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မိုင်းကိုင်မြို့နယ် ဝမ်ဖွီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းကိုင် ဇွန် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ဖွီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၂၂ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်း၊ ဦးစီးအရာရှိ ဦးအောင်လှိုင်ထွန်း၊ စီမံကိန်းတာဝန်ခံနှင့် တာဝန်ရှိသူများသည် ဝမ်ဖွီးကျေးရွာတွင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ/မရှိစစ်ဆေးကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဝမ်ဖွီးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား အသင်းသူ ၅၀ ကို အဋ္ဌမအကြိမ်မြောက် ငွေကျပ် ၄၃၆ သိန်းအထိ အတိုးနှုန်းသက်သာစွာ ထုတ်ချေးနိုင်ခဲ့ကာ စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၂၂၂



## ကမ္ဘောဒီးယားပြည်သူ့ပါတီက နိုင်ငံငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်ကြောင်း ဝန်ကြီးချုပ်ဟွန်ဆန် ပြောကြား

ဖနောင်ပင် ဇွန် ၂၅

ကမ္ဘောဒီးယားနိုင်ငံလက်ရှိအာဏာရပါတီဖြစ်သည့် ကမ္ဘောဒီးယားပြည်သူ့ပါတီက နိုင်ငံငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်ကြောင်း ဝန်ကြီးချုပ်ဟွန်ဆန်က ပြောကြားသည်။

ကမ္ဘောဒီးယားပြည်သူ့ပါတီသည် လက်ရှိတွင် လူကြိုက်အများဆုံးပါတီဖြစ်နေပြီး ၎င်းပါတီနေရာတွင် အခြားမည်သည့်ပါတီကိုမှ အစားထိုး၍မရကြောင်း ၎င်းက Svay Rieng ပြည်နယ် Bavet မြို့၌ စက်ရုံလုပ်သားများကို မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

ကမ္ဘောဒီးယားပြည်သူ့ပါတီအတွက် မဲပေးခြင်းဖြင့် နိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ထိန်းသိမ်းသွားကြရန် နိုင်ငံသားများအား ဟွန်ဆန်က တိုက်တွန်းခဲ့သည်။ ၁၉၇၉ခုနှစ်မှ စတင်၍ နိုင်ငံကို အုပ်ချုပ်လာခဲ့သည့် ကမ္ဘောဒီးယားပြည်သူ့ပါတီဦးဆောင်သည့်အစိုးရသည် ကမ္ဘာတစ်ဝန်းမှ ရင်းနှီးမြှုပ်နှံမှုများ ပြည်တွင်းသို့ လာရောက်စေရေး ဖိတ်ခေါ်ခဲ့ပြီး ဒေသခံများအတွက် အလုပ်အကိုင်သန်းပေါင်းများစွာ ဖန်တီးနိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ အစိုးရသည် လူငယ်များအတွက် နှစ်စဉ်အလုပ်အကိုင်ပေါင်း သုံးသိန်းကို ဖန်တီးပေးနိုင်ရန်အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ထပ်မံဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုသည်။

ကမ္ဘောဒီးယားနိုင်ငံ၏အထွေထွေရွေးကောက်ပွဲကို ယခုနှစ်ဇူလိုင် ၂၃ရက်တွင် ကျင်းပမည်ဖြစ်သည်။ ၎င်းရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၁၈ ပါတီ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မဲဆန္ဒရှင် ၉ ဒသမ ၇သန်းကျော်က မဲပေးကြမည်ဖြစ်ကြောင်း အမျိုးသားရွေးကောက်ပွဲကော်မတီက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**





## အမေဇုန်က အိန္ဒိယနိုင်ငံ၏ ဒစ်ဂျစ်တယ်နည်းပညာနယ်ပယ် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံ ထပ်မံရင်းနှီးမြှုပ်နှံမည်

နယူးဒေလီ ဇွန် ၂၅

အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီဖြစ်သည့် အမေဇုန် (Amazon) သည် အိန္ဒိယနိုင်ငံ၏ ဒစ်ဂျစ်တယ်နည်းပညာနယ်ပယ် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံ ထပ်မံရင်းနှီးမြှုပ်နှံရန် စီစဉ်လျက်ရှိကြောင်းနှင့် နိုင်ငံတွင်း စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၆ ဘီလီယံအထိ တိုးမြှင့်ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ယမန်နေ့တွင် ကြေညာသည်။

အမေဇုန်၏အမှုဆောင်အရာရှိချုပ် အန်ဒီဂျာဆီက အိန္ဒိယဝန်ကြီးချုပ် မိုဒီနှင့် ဇွန် ၂၄ ရက်တွင် ဝါရှင်တန်မြို့၌တွေ့ဆုံခဲ့ပြီး အိန္ဒိယနိုင်ငံ၏ အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေး နယ်ပယ်ပိုမို ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍတွင် အမေဇုန်နှင့် ထပ်မံပူးပေါင်းဆောင်ရွက်နိုင်မည့် အနာဂတ်အလားအလာများကို ဆွေးနွေးခဲ့ကြကြောင်း အိန္ဒိယဝန်ကြီးချုပ်ရုံးက ဆိုသည်။

ထို့ပြင် အိန္ဒိယနိုင်ငံရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဒစ်ဂျစ်တယ်စနစ်သို့ အသွင်ကူးပြောင်းရေးအတွက်အမေဇုန်၏ကူညီထောက်ပံ့ပေးမှုကိုလည်း ဝန်ကြီးချုပ် မိုဒီက ကြိုဆိုပါကြောင်း အိန္ဒိယဝန်ကြီးချုပ်ရုံး၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## အာရှဖွံ့ဖြိုးရေးဘဏ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရထားလမ်းစီမံကိန်းအတွက် ကန်ဒေါ်လာ သန်း ၄၀၀ ထောက်ပံ့မည့် သဘောတူညီချက်ကို လက်မှတ်ရေးထိုး

ဒါကာ ဇွန် ၂၅

အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည့် ချက်တိုဂရမ်မြို့နှင့် ဆက်သွယ်ထားသော ရထားလမ်းတည်ဆောက်ရန် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ထောက်ပံ့မည့် သဘောတူညီချက်တစ်ရပ်ကို ယနေ့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်းနှင့် အဆိုပါချက်တိုဂရမ်မြို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မြို့တော် ဒါကာမှ ၂၄၂ ကီလိုမီတာကွာဝေးကြောင်း သိရသည်။

အဆိုပါ သဘောတူညီချက်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ စီးပွားရေးဆိုင်ရာ ဆက်ဆံရေးဝန်ကြီး ရှာရီဖာခန်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ အာရှဖွံ့ဖြိုးရေးဘဏ်လက်ထောက်ညွှန်ကြားရေးမှူး ဂျန်ဘိုနင်တို့က လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

အာရှဖွံ့ဖြိုးရေးဘဏ်က ထောက်ပံ့မည့် အဆိုပါချေးငွေသည် ချက်တိုဂရမ်မြို့နှင့် ကော့ဘဇားမြို့တို့အကြား ဆက်သွယ်မည့် ရထားလမ်းသစ်၏ ၁၀၂ ကီလိုမီတာအကွာအဝေးကို တည်ဆောက်နိုင်ရေး အထောက်အပံ့ဖြစ်စေမည် ဖြစ်သည်။

အဆိုပါချေးငွေသည် (တောင်အာရှဒေသခွဲစီးပွားရေးပူးပေါင်းဆောင်ရွက်မှု) ချက်တိုဂရမ်-ကော့ဘဇား ရထားလမ်းစီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်က ထောက်ပံ့သည့် ချေးငွေ ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံအနက်မှ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း သိရသည်။

အဆိုပါမီးရထားလမ်းကို ယခုနှစ်အတွင်း ဖွင့်လှစ်ရန် မျှော်လင့်ထားပြီး ၂၀၂၄ ခုနှစ်တွင် ချက်တိုဂရမ်နှင့် ကော့ဘဇားတို့အကြား ပုံမှန်ခရီးသည် ၂ ဒသမ ၉ သန်းကို သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## အမေရိကန်နည်းပညာကုမ္ပဏီ မီတာကို မလေးရှား အရေးယူမည်

ကွာလာလမ်ပူ ဇွန် ၂၅

အမေရိကန်နည်းပညာ ကုမ္ပဏီ မီတာအား မလေးရှားနိုင်ငံဥပဒေများကို ချိုးဖောက်မှုဖြင့် အရေးယူသွားမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံဆက်သွယ်ရေးနှင့် မာလ်တီမီဒီယာကော်မရှင်က ပြောကြားသည်။

မီတာကုမ္ပဏီသည် အွန်လိုင်းတွင် ဖော်ပြခဲ့သည့် မသင့်လျော်သည့်ဖော်ပြချက်ကို ဖယ်ရှားပေးရန် ငြင်းဆန်ခဲ့ကြောင်း ၎င်းကော်မရှင်က မှတ်ချက်ပြုသည်။

ယင်းမသင့်တော်သည့် ဖော်ပြချက်ကို ဖယ်ရှားပေးရေးအတွက် သင့်တော်သည့် ဆောင်ရွက်မှုများကို မဆောင်ရွက်ခြင်းသည် မလေးရှားနိုင်ငံ၏ဥပဒေကိုချိုးဖောက်ခြင်းဖြစ်ကြောင်း ၎င်းကော်မရှင်က ထပ်လောင်း ပြောကြားသည်။

ပြီးခဲ့သည့်လများအတွင်းက ဆိုရှယ်မီဒီယာများတွင်ပျံ့နှံ့ခဲ့သည့် မသင့်လျော်သည့် ဖော်ပြချက်များသည် မလေးရှားနိုင်ငံအတွင်း စည်းလုံးညီညွတ်ရေးပျက်ပြားနိုင်စေသည့်အကြောင်းအရာများဖြစ်ခဲ့သဖြင့် တာဝန်ရှိသူများ၏ စိုးရိမ်ပူပန်မှုများ မြင့်တက်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**




## သီရိလင်္ကာနိုင်ငံတွင် အွန်လိုင်းမှ နိုင်ငံကူးလက်မှတ် ပြုလုပ်သူ များပြား

ကိုလံဘို ဇွန် ၂၅

သီရိလင်္ကာနိုင်ငံတွင် ဇွန် ၁၅ ရက်မှ ၂၄ရက်အတွင်း အွန်လိုင်းမှ နိုင်ငံကူးလက်မှတ် ပြုလုပ်သူ ၉၀၀၀ကျော် ရှိခဲ့ပြီး သိသိသာသာများပြားလာကြောင်း လူဝင်မှုကြီးကြပ်ရေးဌာနတာဝန်ရှိသူများက ယနေ့ပြောကြားသည်။

အွန်လိုင်းမှ နိုင်ငံကူးလက်မှတ်ပြုလုပ်သူများကို အွန်လိုင်းတွင် မှတ်ပုံတင်ပြီး သုံးရက်အတွင်း နိုင်ငံကူးလက်မှတ်ရရှိရန်ဆောင်ရွက်ပေးနေကြောင်း သီရိလင်္ကာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနတာဝန်ရှိသူ ဟာရှာအိုင်လူပီတီယာက မှတ်ချက်ပြုသည်။

ကိုလံဘိုမြို့ပြင်ပဒေသများတွင် နေထိုင်သူများအတွက် ကိုလံဘိုမြို့၌ နိုင်ငံကူးလက်မှတ်လာရောက်ပြုလုပ်ရခြင်းမှ သက်သာစေရေးအတွက် အွန်လိုင်းမှ နိုင်ငံကူးလက်မှတ်ပြုလုပ်ပေးခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။




သီရိလင်္ကာနိုင်ငံတွင် စီးပွားရေးအကျပ်အတည်းဖြစ်ချိန် ယမန်နှစ်အတွင်းမှ စတင်၍ နိုင်ငံသားများမှာ ပြည်ပအလုပ်အကိုင်များကို ရှာဖွေလာကြပြီး နိုင်ငံကူးလက်မှတ်ပြုလုပ်သူ များပြားလာကာ တန်းစီစောင့်ဆိုင်းသူများပြားလာသဖြင့် အဆင်မပြေမှုများရှိလာကြောင်း ၎င်းက မှတ်ချက်ပြုသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ် ၁၄ ဒသမ ၁၅ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)၊ ကက်တမင်းနှင့် ဘိန်းဖြူများ သိမ်းဆည်းရမိခဲ့ပြီး မြန်မာငွေကျပ် သိန်း ၁၀၀၀၊ ရွှေ ၂ ဒသမ ၅ ပိဿာနှင့် ယာဉ် လေးစီး သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂၅

မန္တလေးတိုင်းဒေသကြီးတွင် ကရင်ပြည်နယ်သို့ သယ်ဆောင်မည့် ငွေကျပ် ၁၄ ဒသမ ၁၅ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)၊ ကက်တမင်းနှင့် ဘိန်းဖြူများ သိမ်းဆည်းရမိခဲ့ပြီး မြန်မာငွေကျပ် သိန်း ၁၀၀၀၊ ရွှေ ၂ ဒသမ ၅ ပိဿာနှင့် ယာဉ် လေးစီး သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သိမ်းဆည်းရမိ**

ရှမ်းပြည်နယ်မှ ကရင်ပြည်နယ်သို့ မူးယစ်ဆေးဝါးများ သယ်ဆောင်မည်ဖြစ်ကြောင်း သတင်းအရ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၈ ရက် ညနေ ၄ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မြို့ပတ်လမ်း ထင်းရှူးတောအနီး၌ Canter ခြောက်ဘီးယာဉ်ကို ရှာဖွေခဲ့ရာ ယာဉ်မောင်း စိုင်းဆိုင်မိုင်း၊ ယာဉ်နောက်လိုက် စိုင်းရှင်းသန့်ဇင် တို့နှင့်အတူ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် ၁၄ ဒသမ ၁၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အိုက်စ်(မက်သ်အဖက်တမင်း) ၇၀၅ ကီလို၊ ကက်တမင်း တစ်ကီလိုနှင့် မူးယစ်ဆေးဝါး ဘိန်းဖြူ ဂရမ် ၇၀၀ တို့ တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ဖမ်းမိမူးယစ်ဆေးဝါးများကို ကရင်ပြည်နယ်သို့ ဆက်လက်သယ်ဆောင်ရန် ရောက်ရှိ ပူးပေါင်းဆောင်ရွက်သူများဖြစ်သည့် ရဲနောင်၊ နေလင်းထိုက်နှင့် လန်ဒိုမုန်တို့ သုံးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဇွန် ၁၀ ရက် မွန်းတည့် ၁၂ နာရီတွင် ပြည်ကြီးတံခွန်မြို့နယ် Garden City အိမ်ရာဝင်းတွင် မူးယစ်ဆေးဝါးများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် ဝင်းကျော်သူ၊ အောင်ဇော်မျိုးတို့ကို ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးများ သယ်ဆောင်ခိုင်းသူ စိုင်းဖ(ခ)အောင်မင်းခန့်၏ နေအိမ်မှ မြန်မာငွေကျပ် သိန်း ၁၀၀၀၊ ရွှေ ၂ ဒသမ ၅ ပိဿာ၊ ယာဉ်သုံးစီး ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း၊ အမှုတွင် ဆက်စပ်ပါဝင်သူများပိုင်ဆိုင်သည့် ရွှေ၊ ငွေ၊ ယာဉ်၊ နေအိမ်တိုက်ခန်းနှင့် ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေအရ ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



သိမ်းဆည်းရမိ တရားခံများနှင့် သက်သေခံပစ္စည်းများအား တွေ့ရစဉ်။

# ရေဖြူမြို့နယ် ကလိန်အောင်မြို့နှင့် ကွတ်ခိုင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂၅

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဖြူမြို့နယ် ကလိန်အောင်မြို့ လော့သိုင်းကျေးရွာအုပ်စု အလယ်စခန်းကျေးရွာရှိ မလွဲတောင် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် HINO ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အိုက်စ် ၁၀ ကီလိုကိုလည်းကောင်း၊ ထိုနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ကွတ်ခိုင်မြို့ ရပ်ကွက်(၈)၌ ဟော်ကျီလုံ(ခ)အားလုံ(ခ) သန်းဝင်း မောင်းနှင်လာသော TOYOTA WISH ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၅၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ ဇွန် ၂၄ ရက် ညနေ ၄ နာရီတွင် အဆိုပါနေရာ၌ မိုင်းညီမောင် မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ ရဲပြန်ကြား



ဟော်ကျီလုံ(ခ)အားလုံ(ခ)သန်းဝင်းနှင့် မိုင်းညီမောင်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၅

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အမှတ်(၇)ရပ်ကွက်နေ ရွှေရည်ဝင်း၊ အမှတ်(၁၁)ရပ်ကွက်နေ လှဝင်းသိန်းနှင့် အမှတ်(၃)ရပ်ကွက်နေ ဝင်းနိုင်ဦးတို့သည် ၎င်းတို့အသုံးပြုသည့် "Shwe Yee Win" Facebook အကောင့်၊ "Hla Win Thein" Facebook အကောင့်နှင့် "Win Naing Oo" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အနန်းပင်ရပ်ကွက်နေ ညီညီလွင်(ခ)ညိုကြီးသည် ၎င်းအသုံးပြုသည့် "Nyo Gyi" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှု အပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ မီးစက်ကြီးများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၂၅

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၉ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် နောင်ချိုမြို့နယ် တရားမဝင်ကုန်ပစ္စည်းများ တားဆီးရေးအဖွဲ့က အိုရီယမ်တယ်တိုးဂိတ်၊ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လျှပ်စစ်ပစ္စည်းများ ရွှေ့ပြောင်းသယ်ဆောင်လာသော ယာဉ်နှစ်စီးအား စိစစ်၍ လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်ပြီး အသေးစိတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Fujianminyi China Silent Diesel Generating Set တစ်လုံး အပါအဝင် ကုန်ပစ္စည်း ၅၆ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၅၉၀၈၈၆၀)ကို လည်းကောင်း၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၅၉၀၈၈၆၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၂၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ ခရိုင်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က မအူပင်ခရိုင် ညောင်တုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကမ်းနားဆိပ်ကမ်း ဆကာကြီးကျေးရွာအနီး၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားမဝင်သစ် ၃ ဒသမ ၇၂၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၄၈၁၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၂၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်း၌ မြဝတီမှ ရန်ကုန်သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Aisin Automatic Transmission Filter ကီလိုဂရမ် ၅၁၀(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၇၂၃၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို လည်းကောင်း၊ ထီးတန်းဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် LED Bulb အလုံး ၇၀၀၀ အပါအဝင် ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၇၂၃၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၁၉ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၆၄၃၆၆၇၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်




ရှမ်းပြည်နယ်၌ သိမ်းဆည်းရမိမှု။

# PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံး ပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။



စစ်ကိုင်းမြို့နယ် ကင်းတော်ကျေးရွာအနီး PDF အမည်ခံအကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**✻ ကျောဖုံးမှ**

တိုက်ခိုက်ခဲ့ရာ PDF အမည်ခံအကြမ်းဖက်သမားအလောင်းအချို့၊ လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းမျိုးစုံ လုပ်ဆောင်လျက်ရှိသည့် PDF အမည်ခံအကြမ်းဖက်အဖွဲ့တစ်ဖွဲ့သည် စစ်ကိုင်းမြို့နယ် ကင်းတော်ကျေးရွာအနီး လက်နက်၊ ခဲယမ်းများနှင့်အတူ ခိုအောင်းနေကြောင်း သတင်းအရ တပ်မတော်စစ်ကြောင်းများက သွားရောက်၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်စဉ် PDF အမည်ခံအကြမ်းဖက်သမားများ၏ ယာယီစခန်းတစ်ခုကို တွေ့ရှိခဲ့သဖြင့် တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သမားများထံမှ စနိုက်ပါသေနတ်တစ်လက်အပါအဝင် လက်နက်မျိုးစုံ ၁၅ လက်၊ ၁၀၇ မမဒိုးသီး နှစ်လုံးအပါအဝင် ခဲယမ်း/ဗုံးသီးများ၊ ကျည်မျိုးစုံ ၅၀၀၉ တောင့်နှင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဆက်စပ်သတင်းများအရ PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် စစ်ကိုင်းမြို့နယ် ဥယျာဉ်ကျေးရွာနှင့် လက်ပံတောကျေးရွာများအနီး လက်နက်၊ ခဲယမ်းများနှင့်အတူ ရောက်ရှိခိုအောင်းနေကြောင်း သတင်းအရ တပ်မတော်စစ်ကြောင်းများက သွားရောက်၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများထံမှ လက်နက်မျိုးစုံ ၂၇ လက်၊ ခဲယမ်း/ဗုံးသီးအချို့နှင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိလက်နက်များနှင့် ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အကြမ်းဖက်အဖွဲ့များအနေဖြင့် အဆိုပါလက်နက်များကို ကိုင်ဆောင်၍ ဒေသခံပြည်သူများကို အနိုင်ကျင့်ဗိုလ်ကျခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအပေါ် စိတ်မထင်လျှင် မထင်သလို သတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးနိုင်ရန် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**



စစ်ကိုင်း မြို့နယ် ဥယျာဉ် ကျေးရွာအနီး PDF အမည်ခံ အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိ ခဲ့သည့် လက်နက်/ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။







စစ်ကိုင်းမြို့နယ် လက်ပံတောကျေးရွာအနီး PDF အမည်ခံအကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# အရှိန်အဟုန်ဖြင့် ရေရှည်တိုးတက်ရေး သမဝါယမများက ဆောင်ရွက်ပေး

**အောင်သူရ (သမဝါယမ)**

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁) ရက် ( စနေနေ့ )

International Day of Cooperatives
Cooperatives 4 sustainable development
1 July 2023

International Co-operative Alliance

“Cooperatives: partners for accelerated sustainable development”

“အရှိန်အဟုန်ဖြင့် ရေရှည်တိုးတက်ရေး သမဝါယမများက ဆောင်ရွက်ပေး”

၁၉၀၄ ခုနှစ် ဒီဇင်ဘာလတွင် သမဝါယမဦးစီးဌာန မေမြို့ (ပြင်ဦးလွင်) ကို စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၀၅ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် မြင်းမူမြို့နယ်၌ ငွေစုငွေချေးသမဝါယမအသင်း The First Agricultural Credit Cooperative Society ကို မှတ်ပုံတင်၍ အသင်းသား ၉၀ ဖြင့် စတင်ဖွဲ့စည်းခဲ့ခြင်းဖြင့် မြန်မာ့သမဝါယမလှုပ်ရှားမှု စတင်ပေါ်ပေါက်ခဲ့သည်။ ခေတ်အဆက်ဆက် သမဝါယမအသင်းများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဦးစီးဌာန၊ ဝန်ကြီးဌာန ဖွဲ့စည်းထူထောင်ပြီး လမ်းညွှန်ကြီးကြပ်မှုများဖြင့် ဆောင်ရွက်ခဲ့သည်။ ၁၇-၆-၂၀၂၁ ရက်နေ့တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ဝန်ကြီးဌာနအသစ်အဖြစ် ပြန်လည်ဖွဲ့စည်းတည်ထောင်ခဲ့ကာ ခေတ်နှင့်အညီ မူဝါဒအသစ်များဖြင့် သမဝါယမလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးလာစေရေးပန်းတိုင်ဆီသို့ လျှောက်လှမ်းလာခဲ့ရာ နှစ်နှစ်တာခရီး ရောက်ရှိခဲ့ပြီဖြစ်သည်။

**ယနေ့အထိ ၃၈၇၀၉ သင်း ဖွဲ့စည်းထားရှိ**

သမဝါယမဦးစီးဌာနက ပြည်သူတို့၏ လူမှုစီးပွားအတွက် ထိရောက်အကျိုးရှိမည့် မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ Action Plan (၉) ရပ် ချမှတ်၍ ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် သမဝါယမအသင်းများဖွဲ့စည်းခြင်း (Organization)၊ စည်းရုံးပညာပေးခြင်း(Education)၊ တည့်မတ်ပြုပြင်ပေးခြင်း (Regulation) တို့ကို သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။ သမဝါယမအသင်းများ ဖောင်းပွမှုမရှိဘဲ ကျစ်လျစ်ခိုင်မာစေရေးအတွက် ၂၀၂၁ ခုနှစ် ဇွန်လမှ ၂၀၂၃ ခုနှစ် မေလအထိ အလုပ်မလုပ်သည့်/ စာရင်းရှင်းလင်းဖျက်သိမ်းသင့်သည့် သမဝါယမအသင်း ၉၈၃ သင်းကို စာရင်းရှင်းလင်းဖျက်သိမ်းခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ဖွဲ့စည်းခဲ့ပြီးသောအသင်းဟောင်းများထဲမှ စိုက်ပျိုးရေးလုပ်ငန်းကို အမှန်တကယ်လုပ်ကိုင်လိုသူများအား စည်းရုံးကာ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း ၉၁၇ သင်းကို ပြုပြင်ဖွဲ့စည်းနိုင်ခဲ့သည်။ ထို့အပြင် ထပ်မံ၍ မွေးမြူရေးလုပ်ငန်းတွင် အမှန်တကယ်လုပ်ကိုင်လိုသူများအား စည်းရုံးကာ မွေးမြူရေးနှင့် အထွေထွေ သမဝါယမအသင်းသစ် ၄၄ သင်း ဖွဲ့စည်းပေးနိုင်ခဲ့ပြီး ကုန်ထုတ်လုပ်မှုသမဝါယမအသင်း ၂၆၈ သင်း၊ ဝန်ဆောင်မှုသမဝါယမအသင်း ၂၆ သင်း၊ ကုန်သွယ်မှုသမဝါယမအသင်း ၆၂ သင်းကို ဖွဲ့စည်းမှတ်ပုံတင်ပေးနိုင်ခဲ့ခြင်းကြောင့် စုစုပေါင်း အသင်းသစ် ၃၅၆ သင်း ဖွဲ့စည်းနိုင်ခဲ့၍ ယနေ့အထိ ၃၈၇၀၉ သင်း ဖွဲ့စည်းထားရှိပြီးဖြစ်သည်။ ကဏ္ဍအလိုက် ဖွဲ့စည်းမှုအနေဖြင့် ထုတ်လုပ်မှုသမဝါယမအသင်း ၃၁၉၉၀၊ ဝန်ဆောင်မှုသမဝါယမအသင်း ၃၆၀၄ သင်းနှင့် ကုန်သွယ်မှုသမဝါယမအသင်း ၃၁၁၅ သင်းဟူ၍ဖြစ်သည်။

ကုန်ထုတ်လုပ်မှုသမဝါယမအသင်းများတွင် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သော မျိုးကောင်းမျိုးသန့်၊ သွင်းအားစု၊ လုပ်အားခ၊ ထွန်ယက်ခအတွက် ဆီဖိုးလိုအပ်ချက်တို့ကို ကူညီထောက်ပံ့ပေးခြင်းနှင့် လယ်ယာသုံးစက်ကိရိယာများ ထောက်ပံ့ခြင်းများ ဆောင်ရွက်ခြင်းဖြင့် သီးနှံများအထွက်တိုး၍ ကျေးလက်နေတောင်သူများ ဝင်ငွေပိုမိုတိုးမြှင့်ရရှိရေးဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းကုန်ကြမ်းများဖြင့် သဘာဝမြေသြဇာများကို ထုတ်လုပ်နိုင်ရေးအတွက် နေပြည်တော်/ မန္တလေးမြို့တို့တွင် စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေသြဇာစက်ရုံ၊ ရှမ်းပြည်နယ် သမဝါယမအသင်းစုချုပ်က ဇေဒါအားဖြည့်သဘာဝမြေသြဇာစက်ရုံ၊ ရပ်စောက်မြို့နယ် သမဝါယမအသင်းစုလီမိတက်က စွမ်းထက်အားဖြည့်သဘာဝမြေသြဇာစက်ရုံတို့ကို တည်ထောင်၍ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများမှတစ်ဆင့် အသင်းသားတောင်သူများကို ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ထောင်စုဘတ်ဂျက်မှ ၅၀ ရာခိုင်နှုန်း ထောက်ပံ့ငွေဖြင့် စက်ကိရိယာ ၇၅ စီး၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရဘတ်ဂျက်မှ ၅၀ ရာခိုင်နှုန်း၊ ၁၀၀ ရာခိုင်နှုန်း ထောက်ပံ့ငွေဖြင့် စက်ကိရိယာ ၄၄ စီး၊ အသင်း/ အသင်းသားပိုင်ငွေဖြင့် ဝယ်ယူသည့် ရိတ်သိမ်းခြွေလှေ့စက် ၁၁၄ စီး၊ ထွန်စက်ကြီး ၄၅၂ စီး၊ အခြားစက်ကိရိယာ ၆၄ စီးတို့ဖြင့် လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုသမဝါယမအသင်းများက အသင်းသားများစိုက်ပျိုးသောလယ်ယာမြေများအား ပြင်ပပေါက်ဈေးထက် သက်သာသော ရိတ်သိမ်း/ ထွန်ယက်ခနှုန်းထားများဖြင့် သီးနှံများ ရာသီချိန်မီစိုက်ပျိုးနိုင်ရေး လယ်ယာဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**အသင်းသားတောင်သူများ ဝင်ငွေတိုးတက်ရရှိ**

တိုင်းဒေသကြီး/ ပြည်နယ် ခုနစ်ခု၊ မြို့နယ် ၂၅ ခု၊ ကျေးရွာ/ အသင်း ၇၂ သင်း၊ အသင်းသား ၃၂၇၇ ဦး စိုက်ပျိုးထားသော ၂၀၄၀၉ ဒသမ ၂၆ ဧကတို့တွင် နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် အသင်းပိုင်ငွေ ကျပ်သန်း ၄၀၃၇ ဒသမ ၆၁၄ ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး သုံးခု၊ မြို့နယ် ၂၃ ခု၊ ကျေးရွာ/ အသင်း ၃၁၈ သင်း၊ အသင်းသား ၁၇၆၉၄ ဦး စိုက်ပျိုးထားသော ၁၂၈၃၆၇ ဧကတို့တွင် ပဲတီစိမ်းစိုက်ပျိုးနိုင်ရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် အသင်းပိုင်ငွေကျပ် ၁၆၆၂ သန်းဖြင့်လည်းကောင်း ဆောင်ရွက်ပေးခဲ့သည့်အတွက် တစ်ဧကသီးနှံအထွက်နှုန်းတိုးပြီး ကျေးလက်နေအသင်းသားတောင်သူများ ဝင်ငွေတိုးတက်ရရှိခဲ့၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ တိုင်းဒေသကြီး ၁၃ ခု၊ မြို့နယ် ၁၇၂ ခု၊ ကျေးရွာ/ အသင်း ၉၄၀၊ အသင်းသား ၂၈၀၆၆ ဦး စိုက်ပျိုးထားသော ၁၂၀၃၂၁ ဒသမ ၈၈ ဧကတို့တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ် ၂၄၃၂၃ ဒသမ ၈၀၈ သန်း ရယူ၍ မိုးစပါးစိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိသည်။

သမဝါယမအသင်းပိုင် ငါးကန်များနှင့် အင်းများမှ ငါးများအား ပိုမိုမွေးမြူထုတ်လုပ်ရောင်းချနိုင်ရန်နှင့် ရေထွက်ကုန်လုပ်ငန်းဆောင်ရွက်လျက်ရှိသော သမဝါယမအသင်း ၁၃ သင်းအနေဖြင့် ပြည်တွင်း/ ပြည်ပသို့ တိုးချဲ့တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုဖြင့် ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဒေသန္တားမွေးမြူရေးလုပ်ငန်းများကို

> **ကုန်သွယ်မှုသမဝါယမအသင်း ၃၁၁၅ သင်း ဖွဲ့စည်းထားရှိပြီး အစိုးရဝန်ထမ်းပေါင်းစုံသမဝါယမအသင်း၊ အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်း၊ ရောင်းဝယ်ရေးသမဝါယမအသင်း၊ အမှတ်တရပစ္စည်းများရောင်းချသည့် သမဝါယမအသင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းဆောင်ရွက်နေသော သမဝါယမအသင်းများက ပြည်တွင်း / ပြည်ပကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ရောင်းဝယ်ရေးသမဝါယမအသင်းများမှ အရောင်းဆိုင် ၃၀၃ ဆိုင် ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။ လူသုံး၊ အိမ်သုံးပစ္စည်းများအား ပြည်သူများ ပစ္စည်းမှန်၊ ဈေးမှန် လွယ်လင့်တကူဝယ်ယူရရှိနိုင်ရေး သမဝါယမအရောင်းဆိုင်များကို အဆင့်မြှင့်တင်ပြီး ရောင်းအားကောင်းသောပစ္စည်းများ ရောင်းချနိုင်ရေးဆောင်ရွက်လျက်ရှိ**

မွေးမြူလုပ်ကိုင်လျက်ရှိရာ ယနေ့အထိ နွားထီး ၃၈၈ ကောင်၊ နွားမ ၂၆၃ ကောင် စုစုပေါင်း ၆၅၁ ကောင်၊ နွားခြံတည်ဆောက်မှု ၃၈ ခြံ၊ နွားစာမြက်စိုက်ပျိုးမှု ရှစ်ဧကတို့ ဆောင်ရွက်ပြီးဖြစ်ပြီး နို့စားနွားများ ထပ်မံမွေးမြူရန် ဆောင်ရွက်လျက်ရှိသည်။ သမဝါယမအသင်းပိုင်ငွေကျပ် ၁၈၇၈၁ ဒသမ ၆၉၇ သန်းဖြင့် ကြက် ၂၀၉၉၂၉ ကောင်၊ ဝက် ၂၁၇၂၂၁ ကောင်၊ ဆိတ် ၁၀၅၀၁ ကောင်၊ နွား ၉၉၀၅ ကောင်၊ နွားနောက် ၃၀၁ ကောင်၊ ဘဲနှင့် ငါးတို့ကိုလည်း မွေးမြူဆောင်ရွက်လျက်ရှိသည်။

ဝန်ဆောင်မှုသမဝါယမအသင်း ၃၆၀၄ သင်း ဖွဲ့စည်းထားရှိပြီး ဌာနဆိုင်ရာ၊ ဈေးနှင့် အသေးစားငွေစုငွေချေးသမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အသင်းသားများ၏အစုနှင့် စုဆောင်းငွေများ တိုးမြှင့်လာစေရေး စည်းရုံးခြင်း၊ အစုများတိုးမြှင့်နိုင်ခြင်းမရှိပါက စီးပွားရေးလုပ်ငန်းလုပ်ဆောင်ပြီး ရရှိလာသည့် အကျိုးအမြတ်အပေါ် အစုတိုးမြှင့်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ အသင်းသားများက ငွေစုဆောင်းတတ်သည့် အလေ့အကျင့်ကောင်းများ ရှိလာစေရေးကိုလည်း စည်းရုံးဆောင်ရွက်ပေးလျက်ရှိသည်။ အခြားဝန်ဆောင်မှုလုပ်ငန်းများ၊ ဆေးရုံ၊ ဆေးခန်းများ ဖွင့်လှစ်ပြီး ကျန်းမာရေးဝန်ဆောင်မှုပေးခြင်းကို လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိသည်။

**သမဝါယမအသင်းပိုင်**
**စက်ရုံ၊ အလုပ်ရုံများထူထောင်**

စက်မှုလက်မှုကုန်ထုတ် သမဝါယမအသင်းများကလည်း ဆန်စက်၊ ဆီစက်၊ ပဲခွဲစက်၊ နို့ချက်စက်ရုံ၊ ရက်ကန်း၊ အထည်ချုပ်၊ ရေခဲစက် စသည်ဖြင့် သမဝါယမအသင်းပိုင် စက်ရုံ၊ အလုပ်ရုံများကို ထူထောင်ဆောင်ရွက်လျက်ရှိပြီး ထွက်ရှိသည့်ပစ္စည်းများကို ပြည်တွင်း/ ပြည်ပဈေးကွက်အသီးသီးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ ပြည်ထောင်စုဝန်ကြီး၏ ကူညီထောက်ပံ့ပေးမှု၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရဘတ်ဂျက်တို့ဖြင့် ကချင်ပြည်နယ်တွင် ဆီစက်လေးလုံး၊ ပဲခူးတိုင်းဒေသကြီးတွင် ဆီစက်နှစ်လုံး၊ မကွေးတိုင်းဒေသကြီးတွင် ဆီစက်နှစ်လုံး၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဆီစက်နှစ်လုံး၊ နေပြည်တော်တွင် ဆီစက်တစ်လုံး စုစုပေါင်း ဆီစက် ၁၁ လုံးကို ထူထောင်ပေးပြီး ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် အထောက်အကူပြုစေရေး ဆောင်ရွက်ပေးလျက်ရှိသည်။ ရှမ်းပြည်နယ် မိုင်းယောင်းမြို့တွင် တန် ၃၀ ကျ ဆန်စက်တစ်လုံး၊ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် တန် ၆၀ ကျ ဆန်စက်တစ်လုံး၊ နေပြည်တော်တွင် ရွှေဇေယျာသမဝါယမအသင်းပိုင် ဆန်စက်ကို ထူထောင်နိုင်ခဲ့ပြီး မန္တလေးမြို့တွင်လည်း နို့ချက်စက်ရုံကို ပြင်ဆင်မွမ်းမံလည်ပတ်စေလျက်ရှိသည်။

ဒေသတစ်ခု၊ ထုတ်ကုန်တစ်ခု (One Region, One Product) အနေဖြင့် ကုန်ကြမ်းရရှိမှုနှင့် ငွေကြေးအရင်းအနှီးပေါ်မူတည်၍ ဝါးခမောက်၊ ရက်ကန်း၊ ဂျုံရိုးဦးထုပ်၊ ခြင်းတောင်း၊ တံမြက်စည်း၊ အိုး၊ သင်ဖြူးဖျာ၊ ပန်းပဲ၊ အိုးစည်နှင့် ယွန်းလုပ်ငန်း စသည်ဖြင့် လုပ်ငန်းများကို သမဝါယမအသင်းများ ဖွဲ့စည်း၍ တစ်ပိုင်တစ်နိုင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

ကုန်သွယ်မှုသမဝါယမအသင်း ၃၁၁၅ သင်း ဖွဲ့စည်းထားရှိပြီး အစိုးရဝန်ထမ်းပေါင်းစုံသမဝါယမအသင်း၊ အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်း၊ ရောင်းဝယ်ရေးသမဝါယမအသင်း၊ အမှတ်တရပစ္စည်းများရောင်းချသည့် သမဝါယမအသင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းဆောင်ရွက်နေသော သမဝါယမအသင်းများက ပြည်တွင်း/ ပြည်ပကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၇ သို့ ❖

# ပရီမီယာလိဂ် ကစားသမားတွေထဲက ဆော်ဒီပရိုလိဂ်ဆီ ဘယ်ကစားသမားတွေ ထပ်မံပြောင်းရွှေ့ဦးမှာလဲ




အင်္ဂလန်ဘောလုံးကစားသမားဟောင်းတစ်ဦးနဲ့ ဘောလုံးသုံးသပ်သူတစ်ဦးဖြစ်တဲ့ ဂယ်ရီနဗီးလ်က ဆော်ဒီအာရေဗျကလပ်အသင်းတွေဆီ ကစားသမားတွေပြောင်းရွှေ့နေမှုကို ရပ်နားထားဖို့ တောင်းဆိုထားပေမယ့် ရပ်တန့်ဖို့လက္ခဏာမတွေ့ရဘဲ သီတင်းပတ်တိုင်းမှာ ဆော်ဒီကလပ်တွေနဲ့ ပရီမီယာလိဂ်ကလပ်တွေအကြား ကစားသမားပြောင်းရွှေ့မှုကိစ္စတွေနဲ့ နပန်းလုံးနေကြတာကို တွေ့နေရပါတယ်။

ဇွန် ၂၃ ရက်ကပဲ အသက် ၂၆ နှစ်အရွယ်ရှိ ဝုလ်ဗာဟမ်တန်အသင်းခေါင်းဆောင် ရူဘင်နီဗက်စ်ဟာ ဆော်ဒီအာရေဗျကလပ် အယ်လ်ဟီလာအသင်းဆီ စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၄၇ သန်းနဲ့ ပြောင်းရွှေ့သွားခဲ့ပြန်ပါပြီ။ ဒါ့ပြင် လက်ရှိအချိန်မှာ ချယ်လ်ဆီးအသင်းဂိုးသမား မန်ဒီက ဆော်ဒီပရိုလိဂ်ကို ပြောင်းရွှေ့ကစားဖို့ ချိတ်ဆက်မှုတွေပြုလုပ်နေတဲ့သတင်းတွေ ထပ်မံထွက်ပေါ်နေတာ ဖြစ်ပါတယ်။

နာမည်ကြီး ကစားသမားတွေဖြစ်တဲ့ စီရိုနယ်လ်ဒို၊ ဘင်ဇီမာနဲ့ ကန်တီတို့လည်း သူတို့ရဲ့ကစားသမားဘဝ သက်တမ်းကုန်ဆုံးကာနီးချိန်မှာ ဆော်ဒီအာရေဗျကလပ်အသင်းတွေဆီ ပြောင်းရွှေ့ခဲ့ကြပါတယ်။ အာဂျင်တီးနားအသင်းခေါင်းဆောင် လီယွန်နယ်မက်ဆီတောင် မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်းဆီ မပြောင်းရွှေ့မီ ဆော်ဒီကလပ်အသင်းတစ်ခုဆီ ပြောင်းရွှေ့မယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်ခဲ့သေးတာ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ချယ်လ်ဆီးကစားသမားတွေဖြစ်တဲ့ ကူလီဘာလီနဲ့ ဟာကင်ဇီယက်ချ်၊ အာဆင်နယ်ကစားသမားတစ်ဦးဖြစ်တဲ့ သောမက်ပါတေးတို့အပါအဝင် ပရီမီယာလိဂ်ကစားသမားတွေကို ထပ်မံခေါ်ယူဖို့ ဆော်ဒီအာရေဗျကလပ်အသင်းတွေက စိတ်ဝင်စားနေဆဲဖြစ်ပါတယ်။ ဗုလ်ဗာမ်တန်အသင်းအနေနဲ့ အသင်းခေါင်းဆောင် ရူဘင်နီဗက်စ်ဟာ နွေရာသီဈေးကွက်အတွင်းမှာ ဘာစီလိုနာအသင်းဆီကို ပြောင်းရွှေ့ကစားလိမ့်မယ်လို့ ထင်ထားခဲ့ပေမယ့် ပေါ်တူဂီကွင်းလယ်ကစားသမား နီဗက်စ်ဟာ အခြားသောကလပ်အသင်းတွေထက် ဈေးပိုများတဲ့ ဆော်ဒီအာရေဗျကလပ် အယ်လ်ဟီလာအသင်းဆီကိုသာ ပြောင်းရွှေ့ခဲ့တာ ဖြစ်ပါတယ်။

ဒါ့ပြင် မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ဘာနာဒိုဆေးလ်ဗားကလည်း ဆော်ဒီပရိုလိဂ်ကလပ် အယ်လ်ဟီလာအသင်းဆီ ပြောင်းရွှေ့ကစားဖို့ ပစ်မှတ်ထားနေပြီး မန်စီးတီးအသင်းက စာချုပ်သစ် ထပ်တိုးချုပ်ဆိုဖို့စီစဉ်နေသလို ဘာနာဒိုဆေးလ်ဗားရဲ့ စာချုပ်သက်တမ်းကလည်း ၂၀၂၅ ခုနှစ်ရောက်မှ ကုန်ဆုံးမှာ ဖြစ်ပါတယ်။

ဒါကြောင့် ပရီမီယာလိဂ်အသင်းတွေအနေနဲ့ ဆော်ဒီအာရေဗျကလပ်အသင်းတွေဆီကို ကစားသမားတွေ ပြောင်းရွှေ့စေမှုကို ချက်ချင်းပိတ်ထားသင့်ပြီး မပိတ်ထားနိုင်ဘူးဆိုရင်တော့ ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ တည်ငြိမ်မှုကို ပျက်စီးစေလိမ့်မယ်လို့ ဂယ်ရီနဗီးလ်က ယခုသီတင်းပတ်အစောပိုင်းမှာ ဘီဘီစီအားကစားသတင်းဌာနကို ပြောကြားခဲ့တာ ဖြစ်ပါတယ်။

ဆော်ဒီအာရေဗျကလပ်အသင်းတွေဟာ သူတို့ရဲ့ ဘောလုံးလောကတိုးတက်ဖို့ အသုံးစရိတ်တွေ တိုးသုံးလာခြင်းက တချို့သော ပရီမီယာလိဂ်ကလပ်အသင်းတွေအတွက် ကစားသမားခေါ်ယူမှုနဲ့ စပ်လျဉ်းပြီး ဟန်ချက်ညီအောင်ထိန်းထားနိုင်ရေးဆိုတဲ့ စိန်ခေါ်မှုတစ်ရပ်နဲ့ ရင်ဆိုင်နေရတယ်လို့ Sky sport သတင်းဌာနက သုံးသပ်သူတွေက ဆိုပါတယ်။

လက်ရှိအချိန်မှာ ဥရောပရဲ့ ထိပ်တန်းအဆင့်ရှိတဲ့ ကစားသမားတွေအပြင် ပရီမီယာလိဂ်ပြိုင်ပွဲက ကစားသမားအများစုဟာလည်း ဆော်ဒီအာရေဗျအသင်းတွေဆီ ပြောင်းရွှေ့ဖို့ ပစ်မှတ်ထားနေတဲ့ ကစားသမားအများစုရှိနေတာဖြစ်တဲ့အတွက် ပရီမီယာလိဂ်ကနေ ဘယ်ကစားသမားတွေ ထပ်မံပြောင်းရွှေ့ဦးမလဲဆိုတာကတော့ စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

ငွေကြည် - ရေးသားသည်

## ရှုံးပွဲမရှိစံချိန်နဲ့အတူ အိုင်ဘီအက်ဖ် စူပါဖလိုင်းဝိတ် ခါးပတ်ကို သိမ်းပိုက်နိုင်ခဲ့တဲ့ ဖာနန်ဒိုမာတီနက်ဇ်

အာဂျင်တီးနားနိုင်ငံရဲ့ ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားတစ်ဦးဖြစ်တဲ့ ဖာနန်ဒိုမာတီနက်ဇ်ဟာ စိန်ခေါ်သူ ဂျိတ်ဘော်နီယာနဲ့ ယနေ့ယှဉ်ပြိုင်ကစားခဲ့တဲ့ အိုင်ဘီအက်ဖ်စူပါဖလိုင်းဝိတ် ခါးပတ်လုပွဲမှာ အနိုင်ရရှိခဲ့တာကြောင့် အိုင်ဘီအက်ဖ် စူပါဖလိုင်းဝိတ်ခါးပတ်ကို ထပ်မံသိမ်းပိုက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အသက် ၃၁ နှစ်အရွယ်ရှိ ဖာနန်ဒိုမာတီနက်ဇ်ဟာ ကိုးချီမြောက်မှာ ဂျိတ်ဘော်နီယာရဲ့ ညာဘက်နားအုံကို နာကျင်အောင်ထိုးနိုင်ခဲ့ပြီး နောက် ၁၁ ချီမြောက်မှာ ဒိုင်လူကြီးက ဖာနန်ဒိုမာတီနက်ဇ်နဲ့ ဂျိတ်ဘော်နီယာတို့ရဲ့ ယှဉ်ပြိုင်ထိုးသတ်မှုကို ရပ်နားစေခဲ့တာ ဖြစ်ပါတယ်။

ဖာနန်ဒိုမာတီနက်ဇ်အနေနဲ့ ဂျိတ်ဘော်နီယာကို အနိုင်ရရှိခဲ့ခြင်းဟာ လက်ဝှေ့သမားဘဝ ၁၆ ကြိမ်မြောက် ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့ခြင်းဖြစ်ပြီး အသက် ၂၈ နှစ်အရွယ်ရှိ ဂျိတ်ဘော်နီယာအတွက်တော့ ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝတစ်လျှောက်မှာ ပထမဆုံးအကြိမ် ရှုံးပွဲကြုံတွေ့ခဲ့ရတာလည်း ဖြစ်ပါတယ်။

အာဂျင်တီးနား ပရော်ဖက်ရှင်နယ် လက်ဝှေ့သမား ဖာနန်ဒိုမာတီနက်ဇ်ဟာ ပြီးခဲ့တဲ့နှစ်အတွင်းက ဖိလစ်ပိုင်လက်ဝှေ့ကျော် ဂျာဝင်အန်ကာဂျက်စ်နဲ့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး အဲဒီပြိုင်ပွဲမှာလည်း ချန်ပီယံခါးပတ်ကို သိမ်းပိုက်နိုင်ခဲ့တာ ဖြစ်ပါတယ်။

❖ စာမျက်နှာ ၁၆ မှ

ရောင်းဝယ်ရေးသမဝါယမအသင်းများမှ အရောင်းဆိုင် ၃၀၃ ဆိုင် ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။ လူသုံး၊ အိမ်သုံးပစ္စည်းများအား ပြည်သူများ ပစ္စည်းမှန်၊ ဈေးမှန် လွယ်လင့်တကူဝယ်ယူရရှိနိုင်ရေး သမဝါယမအရောင်းဆိုင်များကို အဆင့်မြှင့်တင်ပြီး ရောင်းအားကောင်းသောပစ္စည်းများ ရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆန်စက်၊ ဆီစက်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများသို့ ခွဲဝေပေးထားသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေး အရင်းမပျောက် မတည်ငွေရယူပြီး မြစိမ်းရောင် (သမဝါယမ) စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၁၀ ခု၊ မြို့နယ် ၅၁ ခု၊ ကျေးရွာ/ အသင်း ၂၀၁ သင်း၊ အသင်းသား ၁၁၁၉၁ ဦးသို့ ငွေကျပ် ၉၉၇၅ ဒသမ၃၀ သန်းနှင့် ညီမျှသော မျိုး၊သွင်းအားစု၊တိရစ္ဆာန်အစာ၊ကုန်ကြမ်းပစ္စည်း စသည်တို့ကို အသင်းသားများ၏ ဆန္ဒနှင့်အညီ ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရဘတ်ဂျက်မှ ထုတ်လုပ်၊ ဝန်ဆောင်၊ ကုန်သွယ် သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် ပြည်ထောင်စုဘတ်ဂျက်ဖြင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ၁၀ ခုတို့ကို မျိုးစပါး၊ မြေဩဇာထောက်ပံ့ပေးခြင်း၊ Daedong စက်ကိရိယာ ၇၅ စီး ထောက်ပံ့ပေးခြင်းတို့အတွက် ငွေကျပ် ၇၉၄ ဒသမ ၇၅၂ သန်း၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် စက်ကိရိယာ ၄၄ စီးအတွက် ငွေကျပ် ၃၀၅ ဒသမ၇၆၄ သန်းကို စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းဆောင်ရွက်ခြင်းနှင့် ကုန်သွယ်သမဝါယမအသင်းအဆင့်မြှင့်တင်ခြင်းတို့အတွက် ငွေကျပ် ၂၀၇၀ ဒသမ ၉၅၂ သန်းကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်များနှင့်အညီ စိတ်သစ်လူသစ်မူဝါဒသစ်များဖြင့် ရွှင်မြို့နယ်တွင် ဆောင်ရွက်လျက်ရှိသော ကော်ဖီဝယ်ယူကြိတ်ခွဲရောင်းချသည့်အသင်းမှ အကျိုးအမြတ်ခွဲဝေပေးသည့် နမူနာကို စံပြု၍ ဖြစ်ပေါ်လာသည့် အကျိုးအမြတ်ငွေများကို ရာသီ/ အချိန်အလိုက် အသင်းသားများအား ထိထိရောက်ရောက် ခွဲဝေပေးခြင်း၊ အသင်း၏ရှယ်ယာများ တိုးမြှင့်ပေးခြင်း၊ အသင်း၏စီးပွားရေးလုပ်ငန်းတွင် ပြန်လည်သတ်မှတ်ထည့်ဝင်စေခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်သည်။

### စာရင်းရေး စာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်းများဖွင့်လှစ်

သမဝါယမ စာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများကို တောင်ကြီး၊ မန္တလေး၊ မကွေး၊ မော်လမြိုင်၊ ပုသိမ်မြို့တို့တွင် ဖွင့်လှစ်ဆောင်ရွက်ထားရှိသည်။ သင်တန်းကာလ နှစ်နှစ်ဖြစ်၍ ထူးချွန်အောင်မြင်သူများကို သမဝါယမကောလိပ်များသို့ ပေါင်းကူးတက်ရောက်ကာ ဆက်လက်ပညာသင်ယူနိုင်စေပြီး သမဝါယမအသင်းများနှင့် ကုမ္ပဏီများတွင် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးမှုသဘောတရားများ၊ အပြောင်းအလဲစီမံခန့်ခွဲမှု(Change Management) သဘောတရားများကို ဌာနဝန်ထမ်းများနှင့် အသင်းဝန်ထမ်းများ သိရှိလိုက်နာစေရန် ဆောင်ရွက်ပေးလျက်ရှိရာ မဲခေါင် - လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေတို့ဖြင့် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စုဆောင်းငွေအားပေးမြှင့်တင်ရေး စည်းရုံးလှုံ့ဆော်ခြင်းသင်တန်းတို့ကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

ဝန်ကြီးဌာနအနေဖြင့်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တောင်သူများကို လိုအပ်သည်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ကိုယ်ကိုယ်တိုင်လုပ်၊ ကိုယ်ကိုယ်တိုင်သိပြီး တောင်သူများသို့ အတွေ့အကြုံများမျှဝေပေးနိုင်ရန် ရုံးပတ်ဝန်းကျင်တွင် ကြက်၊ ဘဲမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ စံပြစက်မှုလယ်ယာဖော်ထုတ်ဆောင်ရွက်ခြင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်း၊ နွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်ခြင်းတို့ကို စံနမူနာအဖြစ် စီမံဆောင်ရွက်လျက်ရှိသည်။ တိုင်းဒေသကြီး/ ပြည်နယ်များမှ ဒေသထွက်ကုန်များအား ဝန်ထမ်းများ ဈေးနှုန်းချိုသာစွာဖြင့် လွယ်လင့်တကူဝယ်ယူရရှိနိုင်ရေးအတွက် MCRD (Coop Mart) ဖွင့်လှစ်၍ ရောင်းချဆောင်ရွက်ပေးလျက်ရှိသည်။

ကမ္ဘာ့ထိပ်တန်းသမဝါယမအသင်း ၃၀၀ က ထုတ်လုပ် ဝန်ဆောင် ကုန်သွယ်ကဏ္ဍအလိုက် ဦးဆောင်၍ အောင်မြင်နေသောသမဝါယမအသင်းများမှာ ဂျပန်နိုင်ငံ Zen-Noh စိုက်ပျိုးရေးနှင့်စားရေရိက္ခာထုတ်လုပ်သော သမဝါယမအသင်း၊ စပိန်နိုင်ငံ Mondragon စက်မှုကုန်ထုတ်သမဝါယမအသင်း၊ ဂျာမနီနိုင်ငံ REWE Group ကုန်သွယ်မှုသမဝါယမအသင်း၊ ဂျပန်နိုင်ငံ Nippon Life အာမခံသမဝါယမအသင်း၊ ပြင်သစ်နိုင်ငံ Credit Agricole ငွေကြေးဝန်ဆောင်မှုသမဝါယမအသင်း၊ ဘရာဇီးနိုင်ငံ Sistema Unimet ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဝန်ဆောင်မှုသမဝါယမအသင်းနှင့် နော်ဝေနိုင်ငံ OBOS BBL အခြားဝန်ဆောင်သမဝါယမအသင်းများဖြစ်ကြသည်။

### ယခုနှစ်ဆိုလျှင် ၁၀၁ နှစ် တိုင်ခဲ့ပြီ

ဗဟိုသမဝါယမအသင်းသည် ၇-၉-၁၉၉၃ ရက်နေ့၌ အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်တွင် အသင်းဝင်အဖြစ်ပါဝင်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ၁၉၂၃ ခုနှစ်မှစတင်၍ ကျင်းပဆောင်ရွက်ခဲ့ရာ ယခုနှစ်ဆိုလျှင် ၁၀၁ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ ကုလသမဂ္ဂအထွေထွေညီလာခံကြီးက နှစ်စဉ် ဇူလိုင်လ ပထမပတ်စနေနေ့ကို အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ (ICA Day) အဖြစ်သတ်မှတ်ပေးခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း နှစ်စဉ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ်အခမ်းအနားကို ကျင်းပခဲ့ရာ ယနေ့ဆိုလျှင် (၂၉) ကြိမ်ရှိခဲ့ပြီဖြစ်သည်။

သို့ပါ၍ မြန်မာ့သမဝါယမများအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှု၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ဦးဆောင်မှုတို့ဖြင့် သမဝါယမဦးစီးဌာန၊ သမဝါယမအသင်းနှင့် အသင်းသားပြည်သူများက ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ဆောင်ပုဒ်ဖြစ်သော **"Cooperatives: partners for accelerated sustainable development" "အရှိန်အဟုန်ဖြင့် ရေရှည်တိုးတက်ရေး သမဝါယမများက ဆောင်ရွက်ပေး"** ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်မှုအခြေအနေများအား အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

# မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ၌ ရာမာန်(မြန်မာ)က အိုလန်(ထိုင်း)ကို ပထမအချီ၌ အလဲထိုးအနိုင်ယူ

ရန်ကုန် ဇွန် ၂၅

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးကြပ်၍ CANAL PLUS မှ စီစဉ်ကျင်းပသည့် TGL 4 THE GREAT LETHWEI လက်ဝှေ့ပြိုင်ပွဲကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူလက်ဝှေ့ရုံ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ၇၅-၇၉ ကီလို(စူပါမစ်ဒယ်ဝိတ်တန်း) ရာမာန်(မြန်မာ)နှင့် အိုလန်(ထိုင်း)တို့ ပြိုင်ပွဲ၌ ရာမာန်၏ ကိုင်ပေါက်ချက်ကြောင့် အိုလန်မှာ ပထမအချီမှာပင် အရှုံးပေးခဲ့ရသည်။

၇၁-၇၅ ကီလို (မစ်ဒယ်ဝိတ်တန်း)တွင် ထွန်းမင်းအောင်နှင့် အောင်ခိုင်တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ ငါးချီပြည့်အထိ ထွန်းမင်းအောင်က တိုက်စစ်အားသာခဲ့ပြီး ဒိုင်သုံးဦးက ထွန်းမင်းအောင်ကို အမှတ်ဖြင့် အနိုင်ပေးခဲ့သည်။

ထို့အတူ ၄၈-၅၁ ကီလို(ဖလိုင်းဝိတ်တန်း) သုံးချီပြိုင်ပွဲ၌ အောင်ထွန်းဘိုက လက်သီးထိုးချက်ဖြင့် ဒုတိယအချီတွင် ဟဲကိုထူးကို အလဲထိုးနိုင်ခဲ့သည်။

၅၁-၅၄ ကီလို(ဘန်တမ် ဝိတ်တန်း)လေးချီပြိုင်ပွဲတွင် သားသား နှင့် ဒေါနကျော်ကျော်တို့ပြိုင်ပွဲ၌ ဒိုင်သုံးဦးက ဒေါနကျော်ကျော်ကို အမှတ်ဖြင့် အနိုင်ပေးခဲ့သည်။



ရာမာန်(မြန်မာ)နှင့် အိုလန်(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

၆၃ ဒသမ ၅ – ၆၇ ကီလို (ဝယ်လ်တာဝိတ်တန်း) အောင်မိုးပြည့်နှင့် ဒေါနသွေးတို့ ပြိုင်ပွဲ၌ လေးချီပြည့် ထိုးသတ်ကြသော်လည်း အနိုင်အရှုံး မပေါ်သဖြင့် ဒိုင်သုံးဦးအနက် နှစ်ဦးက ဒေါနသွေးကို အနိုင်ပေးခဲ့သည်။

ထို့အတူ စိုးမိုးဇော်နှင့် ထွန်းလင်းတို့ပွဲတွင် ဒုတိယအချီ၌ စိုးမိုးဇော်၏ တရစပ်လက်သီးထိုးချက်များကြောင့် လက်ရည်မမျှသဖြင့် ဒိုင်က စိုးမိုးဇော်ကို အနိုင်ပေးခဲ့သည်။

မင်းထက်ကျော်နှင့် ရဲသွေးအောင်တို့ပြိုင်ပွဲတွင် မင်းထက်ကျော်၏ ဘယ်ညာလက်သီးတွဲလုံးများကြောင့် ပထမအချီနှင့် ဒုတိယအချီတို့တွင် ရဲသွေးအောင် အမှတ်စဉ် ရေတွက်ခံရပြီး ဆက်လက်ယှဉ်ပြိုင်နိုင်ခြင်း မရှိသဖြင့် မင်းထက်အောင်က အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။

၆၃ ဒသမ ၅-၆၇ ကီလို(ဝယ်လ်တာဝိတ်တန်း)ငါးချီပြိုင်ပွဲတွင် စောဂျွန်နှင့်အာရှနဂါးတို့ပြိုင်ပွဲ၌ ငါးချီပြည့်ထိုးကြသော်လည်း အနိုင်အရှုံး မပေါ်သဖြင့် ဒိုင်သုံးဦးက စောဂျွန်ကို အမှတ်ဖြင့် အနိုင်ပေးခဲ့ပြီး စူပါရေချမ်းကဖိုးလပြည့်ကို ဒုတိယအချီ၌ အလဲထိုးအနိုင်ယူခဲ့သည်။

၆၇-၇၁ ကီလို (လိုက်မစ်ဒယ်ဝိတ်တန်း) စောထူးအောင်နှင့် သွေးသစ်မောင်တို့ ပြိုင်ပွဲတွင် နှစ်ဦးစလုံး ငါးချီပြည့်သည်အထိ အနိုင်အရှုံးမပေါ်သဖြင့် ဒိုင်သုံးဦးက သွေးသစ်မောင်ကို အနိုင်ပေးခဲ့ကြောင်း သိရသည်။

သတင်း-လင်းရာမ

ဓာတ်ပုံ-ကိုထက်

## အမေများနေ့အထိမ်းအမှတ် ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် အလှူငွေပေးအပ်




ရန်ကုန် ဇွန် ၂၅

Grand Wynn Group of Companies Mother's Choice & Mom's Choice မှ အမေများနေ့အထိမ်းအမှတ် ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့က ကျင်းပခဲ့သည်။

Mother's Choice & Mom's Choice Executive Director ဦးဝင်းဟိန်းခန့်နှင့် ဝန်ထမ်းများက အမေများနေ့အထိမ်းအမှတ် ဂုဏ်ပြုကိတ်ခွဲပြီး အမေများအဖွဲ့၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ဆည်းဆာရိပ်ဂီလာနဘိုးဘွားရိပ်သာနှင့် ကန်တော်လေး သီလရှင်လေးများ ဘိုးဘွားရိပ်သာတို့သို့ စုစုပေါင်း ငွေကျပ် သိန်း ၂၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

ကြေးမုံ

○ ၂၀၂၃ ခုနှစ်မှ

စတုတ္ထနေ့ အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်စိုး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့်တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

ဇွန်၂၆ ရက် နံနက်ပိုင်းတွင် အုပ်စု(က)မှ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန(က) အသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ ညနေပိုင်းတွင် အုပ်စု(ခ)မှ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## လက်ပံတန်းမြို့၌ ကျောင်းများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေး

ပဲခူး ဇွန် ၂၅

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မင်းရပ်ရပ်ကွက် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းတွင် ဇွန် ၂၃ ရက် နံနက် ၁၀ နာရီက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ တင်ဇော်ဝင်းနှင့် သူနာပြုအဆင့်(၁) ဒေါ်တင်ယုဆွေနှင့် ဆရာမများက ထပ်ဆောင်းထိုးနှံသူ ကျောင်းသား ကျောင်းသူ ၂၀၀ နှင့် မထိုးနှံရသေးသူ ကျောင်းသား ကျောင်းသူ ၄၅ ဦး စုစုပေါင်း ၂၄၅ ဦးတို့အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် မြို့နယ်အတွင်းရှိ ကျောင်းများ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အောင်ဆင့်(လက်ပံတန်း)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၆-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၄၅ | ၁၉၉၅ | ၁၉၉၀ | ၁၉၅၅ | ၁၉၉၅ | ၂၀၂၀ | ၂၀၀၅ | ၁၉၈၀ | ၂၀၈၀ | ၂၀၉၅ | ၁၉၈၅ | ၁၉၉၅ | ၂၀၃၅ | ၂၀၃၅ | ၂၀၃၅ | ၂၂၆၅ | ၂၇၀၀ |
| 95 Ron | ၂၀၅၀ | ၂၁၀၀ | ၂၀၉၅ | ၂၀၅၅ | ၂၀၉၅ | ၂၁၂၀ | ၂၁၀၅ | ၂၀၈၀ | ၂၁၈၀ | ၂၁၉၅ | ၂၀၉၀ | ၂၁၀၅ | ၂၁၃၅ | ၂၁၃၅ | ၂၁၃၅ | ၂၃၆၅ | ၂၈၀၀ |
| HSD (500 ppm) | ၁၉၂၀ | ၁၉၇၀ | ၁၉၆၅ | ၁၉၃၀ | ၁၉၆၅ | ၁၉၉၀ | ၁၉၈၅ | ၁၉၅၅ | ၂၀၇၅ | ၂၀၆၅ | ၁၉၆၀ | ၁၉၇၀ | ၂၀၀၅ | ၂၀၀၅ | ၂၀၁၀ | ၂၂၄၀ | ၂၈၀၀ |
| HSD (50 ppm) | ၂၀၀၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၄၅ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၅ | ၂၁၅၅ | ၂၁၄၅ | ၂၀၄၀ | ၂၀၅၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၂၀ | ၂၈၆၀ |
| HSD (10 ppm) | ၂၀၀၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၄၅ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၅ | ၂၁၅၅ | ၂၁၄၅ | ၂၀၄၀ | ၂၀၅၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၂၀ | ၂၈၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၄၆ | ၁၉၁၇ |
| 95 Ron | ၁၉၄၄ | ၂၀၁၇ |
| HSD (500 ppm) | ၁၈၂၃ | ၁၈၈၉ |
| HSD (50 ppm) | ၁၈၉၇ | ၁၉၆၄ |
| HSD (10 ppm) | ၁၈၉၇ | ၁၉၆၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၅၀၈၂ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၅-၆-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၄-၆-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီမှ (၂၅-၆-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅၀၈၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃) ဦး တွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၆) ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀၈၂၅၇၆၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀၃၀၂) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉၁၆၃) ဦး ရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉၄၉၄) ဦး ရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက် ရှိပါသည်။


၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ ဆူ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၂၉၃ သိန်း | ၄၀၇၀၇ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၂၂၇၁. ၅၅ | ၂ | - | ၂ |
| | (ခ) Civil Work လုပ်ငန်း၊ | ၁၆၄၂. ၁၅ | ၂ | - | ၂ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၁၇ ခန်း | ၁၈၃ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၈ ခန်း | ၃၅၇ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | ၂ တိုင် | ၄၈ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | ၁၀ တိုင် | ၃၅၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၅၆ ခု | ၄၉၆ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | ၅၁ ကျင်း | ၇၅၂၅. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | ၁၉ ကျင်း | ၈၄၅၄ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၈၉၉၁ သိန်း | ၁၃၇၄၀. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | ၃ ခု | ၁၂၄ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၆၀၂ စုံ | ၃၉၈ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၈၄ စုံ | ၂၁၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၀၀၀၅

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆




## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီလမ်း၊ အမှတ်(၂၂၈/ခ)ရှိ တိုက်၏(မြေညီထပ်)(၁-လွှာ) (တိုက်မျက်နှာမူညာ)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်သည်ဟုအဆိုပြုသူ **ဒေါ်စန္ဒီခင်ဇော် [၁၂/ကတတ(နိုင်)၀၂၇၅၂၆]** မှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ **ဦးကောင်းမြတ်နိုင်** မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသည့် စာရွက်စာတမ်းမူရင်းတို့နှင့်တကွ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ ဦးကောင်းမြတ်နိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်နှင်းနုစိုး(LL.B, D.B.L, D.M.L)** | **ဒေါ်ခင်ခင်ဆွေ(LL.B)** | **ဒေါ်အိအိပိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၂၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၈၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၃၀)** |

**အမှတ်(၁၆၀)၊ ဒုတိယထပ်၊ (၃၄)လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၈၈၀၁၅၅၅၁၆၊ ၀၉-၄၂၀၀၁၃၅၈၈၊ ၀၉-၇၉၉၂၄၇၇၆၃**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆)၊ မြေကွက်အမှတ် (၂၄၀)၊ ဧရိယာ (၀.၀၅၆-ဧက) အကျယ်ရှိ ဒေါ်နွဲ့နွဲ့ အမည်ပေါက် နှစ် (၆၀) ဂရန်မြေအမျိုးအစားမြေကွက် နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၆) ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် (၂၄၀) ဟု ခေါ်တွင်သည့် အဆောက်အဦ အပါအဝင် ယင်းအဆောက်အဦတွင် တွယ်ကပ်တပ်ဆင်ထားသည့် (ရေ/မီးအပါအဝင်) အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၂၄-၂-၂၀၂၃) ရက်နေ့စွဲပါ အရောင်းအဝယ်စာချုပ်အမှတ်-၁၃၅၅/၂၀၂၃ ဖြင့် လက်ဝယ်ထားပိုင်ဆိုင် အကျိုးခံစားလျက်ရှိသူ **ဒေါ်ယဉ်ဝင်းထိုက် [၁၂/ဗဟန(နိုင်)၀၈၇၉၆၁]** ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ထို့အတွက် အထက်ဖော်ပြပါ မြေနှင့် အဆောက်အဦအရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၁၄-ရက်)အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်မာသည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ သတ်မှတ်ကာလပြည့်မြောက်သည့် နေ့ရက်သို့ရောက်ရှိသည့်တိုင် ကန့်ကွက်မည့်သူ တစ်စုံတစ်ဦးမျှမရှိပါက အထက်ဖော်ပြပါ မြေနှင့်အဆောက်အဦအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးအောင်ဇော်မျိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၃၃)**

| | |
|---|---|
| **ဒေါ်ဝင်းပပ (LL.B)** | **ဒေါ်ခင်မျိုးကြည် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၆၆၀)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၇၁)** |

**အမှတ်-၁၂၃/၁၃၃၊ အခန်းအမှတ်-6-B၊ Pansodan Business Tower**
**ပန်းဆိုးတန်းလမ်းနှင့် အနော်ရထာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Phone: 09-5184231, 09-8614512, 09-49208402**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂)၊ ဟိုင်ဆင်ဒူးဝါးလမ်း၊ မြေကွက်အမှတ် (၇၆၄/က)၊ မြေအကျယ်အဝန်း (၂၀ပေx၆၀ပေ)၊ ရှိမြေချပါမစ် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးမျိုးသန်းဝင်း [၁၂/ဗဟန(နိုင်)၀၃၄၉၂၉] အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဦးစိုးလွင် [၁၂/ဥကတ(နိုင်)၀၇၂၇၆၇]သည် **"နှစ်ဦးသဘောတူအဆင့်ဆင့် အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များ"**ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း) များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၅)၊ လူနေရပ်ကွက်အမှတ်(၁၀၅)၊ ပိတောက်ရွှေဝါလမ်း၊ မြေကွက်အမှတ်(၃၄၀)၊ (ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း(အလျား၂၀ပေxအနံ ၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအိမ်၊ ရေ၊ မီး အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်မေသင်းကြည် [၁၂/သဃက(နိုင်)၁၇၇၅၄၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်အိမ် အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစည်သူဝင်း ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၃၄)**
**အမှတ်(၆၄၀/ခ)၊ သရက်တောလမ်း၊ (၁၀၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၅၀၉၀၉၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်စံပြကျေးရွာ၊ မိုးမခလမ်း၊ မြေကွက်အမှတ်(၄၈) ဟုခေါ်တွင်သည့် မြေဧရိယာ(၂၀ပေx၅၀ပေ)အကျယ်အဝန်းရှိသော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အာစီ(၂)ထပ်တိုက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိ အဆက်စပ်စာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးဉာဏ်သိန်းလင်း (ဘ) ဦးအောင်ကျော် [၈/မသန (နိုင်) ၀၆၁၄၉၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာချက်ပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား အပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါ အိမ်နှင့်မြေ အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထက်အောင်မင်း LL.B**
**အထက်တန်းရှေ့နေ (စဉ်-၄၆၄၄၉/၂၀၁၅)**
**အမှတ်-၂၅၉၊ ကျောက်စိမ်း-၂လမ်း၊ ပတ္တမြားမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်။**
**ဖုန်း-၀၉-၅၁၇၁၈၆၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမိုးကျော်ထွန်း [၁၂/သကတ(နိုင်)၁၄၄၀၄၄] ကိုင်ဆောင်သူထံ ဒေါ်သင်းသင်းဝေ [၁၂/သဃက(နိုင်) ၁၇၁၀၀၁] ကိုင်ဆောင်သူမှ ၎င်းပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာလျက် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၇)၊ မြေကွက်အမှတ် (၉၃၁/ခ)၊ စစ်ကိုင်းလမ်း ဟုခေါ်တွင်သော မူလပါမစ်အမည်ပေါက် ဦးမြင့်သိန်း [၁၂/သကတ(နိုင်)၁၃၈၇၈၅] အမည်ပါရှိသည့် မြေအကျယ်အဝန်း (အလျား ၂၀ပေ x အနံ ၆၀ပေ)ရှိ ပါမစ်မြေကွက်အား အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိထားသူဖြစ်သော ဖော်ပြပါရောင်းချသူမှ ထပ်မံရောင်းချရာတွင် ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ စရန်ငွေအချို့အဝက် ပေးချေထားပြီးဖြစ်ရာ မည်သူမဆို အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် ခိုင်လုံသည့်အထောက်အထားများနှင့်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပါမည့် အကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်မျိုးညွှန့်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၂၅၃၃/၁၃) (၃၀-၈-၂၀၁၃)**
**အမှတ် (၈၂၅)၊ အောင်သပြေအရှေ့(၉)လမ်း၊ ၇/အရှေ့ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၁၉၁၀၃၄၇**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ သမိုင်းဘူတာရုံလမ်း၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ အမှတ် (၁၁၂/C) နေ ဦးရဲမင်းဦး (ဘ) ဦးမိုးညွှန့်[၁၂/မဂဒ(နိုင်)၁၄၉၃၈၁] မှာ မစုပုံချစ် (ခ) မစုနှင်းအိရှိန် (ဘ) ဦးအောင်ဆန်း၊ [၁၂/မဘန (နိုင်) ၁၆၃၈၁၄]နှင့် လွန်ခဲ့သော (၃-၁၁-၂၀၁၃)ရက်နေ့ကတည်းက အိမ်ထောင်ကျခဲ့ပြီး မောင်စုံနှမစုံ သမီးမဖူးမြတ်ရွှေရည် (၈/၂၃)နှစ် ထွန်းကားခဲ့ပါသည်။ လွန်ခဲ့သော (၃၀-၁-၂၀၂၂) ရက်နေ့တွင် ကျွန်တော်တို့ မူလနေထိုင်ရာ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရဲစုအနောက်ကွက်သစ်၊ အောင်သိဒ္ဓိ(၂)လမ်း၊ အမှတ် (၇၃/A)ရှိ အိမ်ကိုရောင်းချကာ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ နဝဒေးလမ်း၊ တိုက်အမှတ် (၂၆/A) (၆)လွှာကို ဝယ်ယူနေထိုင်ခဲ့ရာမှ လွန်ခဲ့သော (၂၀-၆-၂၀၂၃) ရက်နေ့တွင် ဦးရဲမင်းဦးမှာ ကိုရီးယား သင်္ဘောလိုင်းတက်နေပြီး အိမ်ပြန်လာချိန်တွင် ဒေါ်စုနှင်းအိရှိန်မှာ နေအိမ်၌ရှိမနေတော့ဘဲ ၎င်းတို့နှစ်ဦးလက်ထပ်ပွားပစ္စည်းဖြစ်သည့် ဒေါပုံမြို့နယ်ရှိ အထက်ဖော်ပြပါ တိုက်ခန်းကို ၎င်းသဘောဖြင့်ရောင်းချသွားကြောင်း သိရှိရပါသည်။ လွန်ခဲ့သော (၅-၆-၂၀၂၂) လခန့်ကတည်းက လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခြင်းမရှိတော့ဘဲ အိပ်ရာခွဲအိပ်နေထိုင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကျွန်တော်မှ ဒေါ်စုနှင်းအိရှိန်အား လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းလိုစိတ် အလျဉ်းမရှိတော့ပါသဖြင့် ယနေ့ (၂၂-၆-၂၀၂၃) ရက်နေ့မှစတင်၍ (၇) ရက်အကြာ (၂၉-၆-၂၀၂၃) ရက်နေ့နောက်ဆုံးထား၍ ဒေါ်စုနှင်းအိရှိန် အနေဖြင့် ကျွန်တော်အား သက်ဆိုင်ရာတရားရုံး တစ်ရုံးရုံးတွင် တရားဝင်လာရောက် ကွာရှင်းပြတ်စဲစာချုပ်၌ လက်မှတ်ထိုးပေးပါရန်နှင့် ထိုသို့ပြုလုပ်ပေးခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ယနေ့မှစတင်၍ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား ကျွန်တော်မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်သက်စုထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၉၃)**
**အမှတ်(၁၁၁) အရှေ့နှစ်ထောင်တန် (၄) လမ်း၊ ရ-က-အ (၆)၊**
**ပုသိမ်မြို့။ Ph:09-422477937, 09-964224779**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ ရတနာမွန်အိမ်ရာ၊ တိုက်(၅/ဘီ)၊ အခန်း (၂၀၂)နေ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒာလင်း [၉/မခန(နိုင်)၀၂၆၈၁၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ၏ လက်ဝယ်ပိုင်ဆိုင်ရရှိထားသည့် ရွှေပြည်သာမြို့နယ်၊ (၁၉)ရပ်ကွက်၊ အမှတ်- ၅၃၈(က)၊ စိန်ပန်း(၆)လမ်း၊ မြေကွက်အမှတ်(၄၇)၊ မြေအကျယ်အဝန်း(၂၀x၆၀)ပေရှိ ပါမစ်မြေကွက်အား မည်သူတစ်ဦးတစ်ယောက်ကမျှ ဝင်ရောက်ကျူးကျော်ခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် မိမိအမည်သို့ ပြောင်းလဲ/ပြင်ဆင်/ဖြည့်စွက်/ပြုပြင်ခြင်းများမပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။ ထိုကဲ့သို့ ကြေညာထားပါလျက် တစ်စုံတစ်ဦးမှ ဖောက်ဖျက်ကျူးလွန်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းစန်းဝင်း B.A (Law), LL. B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၉၈၆)**
**တိုက် (၁/အေ)၊ အခန်း(၁၀၄)၊ ရတနာမွန်အိမ်ရာ၊ လှိုင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၅၉၉၈၂**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ ရန်ပြေ(၅)လမ်း အနောက်၊ တိုက်အမှတ် (၁၀၆၄)၊ ၂ ခန်းတွဲ (၆)ထပ်တိုက်မှ အကျယ်အဝန်း (၁၃ပေ၆လက်မx၅၅ပေ) အမြင့်(၉ပေ)ရှိ ဒုတိယထပ် အခန်းအမှတ်(အေ) ရှိတိုက်ခန်းနှင့်ရေမီး အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးသိန်းတန် [၆/မအရ(နိုင်)၀၁၀၀၀၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၅)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသူရဝင်း(B.A, B.Sc(Hons), DBL(Credit), PGDL, LLB(Q), LLM (1st-year)(Commercial Law), (WIPO) (Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၄၂၅)**
**အမှတ်(၂၇)၊ အောင်သပြေအရှေ့(၁)လမ်း၊ ၇(အရှေ့)ရပ်ကွက်၊**
**သာကေတမြို့နယ်။ ဖုန်း-၀၉-၄၂၁၀၁၈၄၆၅၊ ၀၉-၇၇၇၇၇၉၄၀၉**

## ကန့်ကွက်နိုင်ပါကြောင်း။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ အင်ကြင်းလမ်း၊ မြေကွက်အမှတ်(၁၀၈၃)၊ အကျယ်အဝန်း(၄၀ပေ × ၆၀ပေ)ရှိ **ဒေါ်တင်တင်စန်း(၁၂/ဥကတ(နိုင်)၁၅၈၅၁၁)**အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်ကြီးအတွင်းမှ တရားဝင်မခွဲမစိတ်ရသေးသည့်အနေအထားဖြင့် မြေကွက်ကိုမျက်နှာမူကြည့်လျှင်(ညာဘက်ခြမ်း)(၂၀ပေ × ၆၀ပေ)ရှိ မြေအစိတ်အပိုင်းအား အမည်ပေါက်ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် **ဦးစိုးတင့်(၁၂/ဒဂတ(နိုင်)၀၂၂၃၃၉)**က တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ)အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့် ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်နွယ်နီအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၃၉)**
အမှတ်(၃/၃၀၄)၊ ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၂၆၂၂၁၀၈၀၇

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ )
## တွံတေးခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၈

ကွယ်လွန်သူ **ဦးစိုးတင့်** ၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

**ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၉) ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ (စီ/၅ လွှာ)၊ အမှတ်-(၉၁/၁၀၅)** ၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးစိုးတင့်၏ ကျန်ရစ်သည့်ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်သန်းဌေးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၄) ရက်နေ့ (၁၃၈၅ ခုနှစ် ပထမဝါဆိုလဆုတ် (၂) ရက်)** နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ **ဦးစိုးတင့်**၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၄) ရက်နေ့ (၁၃၈၅ ခုနှစ် ပထမဝါဆိုလဆုတ် (၂) ရက်)** နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့် သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် **အမွေထိန်းလက်မှတ်စာ** မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က **ဒေါ်သန်းဌေး** ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

**၂၀၂၃ ခုနှစ် ဇွန်လ (၂၀) ရက်** ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းဇော်ဦး)**
**တွဲဖက်ခရိုင်တရားသူကြီး**
**တွံတေးခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **တပ်မတော်အနေဖြင့် မည်သည့်ခေတ်၊ မည်သည့်အစိုးရပင်ဖြစ်စေ ပြည်သူသာ အမိ၊ ပြည်သူသာအဖဟု ခံယူပြီး နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူ လူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်နေသူ Guardian အနေဖြင့် အစဉ်အမြဲဆက်လက်တည်ရှိနေမည်ဖြစ်...**

(တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး(၁/၂၀၂၃)တွင် ဆွေးနွေးမှုမှ ကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**

**မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ် ၁၄ ဒသမ ၁၅ ဘီလီယံ ကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)၊ ကက်တမင်းနှင့် ဘိန်းဖြူများ သိမ်းဆည်းရမိခဲ့ပြီး မြန်မာငွေကျပ် သိန်း ၁၀၀၀၊ ရွှေ ၂ ဒသမ ၅ ပိဿာနှင့် ယာဉ်လေးစီး သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄

**အရှိန်အဟုန်ဖြင့် ရေရှည်တိုးတက်ရေး သမဝါယမများက ဆောင်ရွက်ပေး**

ဆောင်းပါး စာမျက်နှာ » ၁၆

## အကြမ်းဖက်မှုလုပ်ရပ်များကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခိုအောင်းနေသည့် PDF အမည်ခံအကြမ်းဖက်သမားများအား တပ်မတော်စစ်ကြောင်းများက သွားရောက်တိုက်ခိုက်ချေမှုန်း လက်နက်၊ ခဲယမ်းများနှင့် အကြမ်းဖက်သမားအလောင်းအချို့ သိမ်းဆည်းရရှိ



စစ်ကိုင်းမြို့နယ် ဥယျာဉ်ကျေးရွာအနီး PDF အမည်ခံအကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

နေပြည်တော် ဇွန် ၂၅

နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော လုပ်ရပ်များနှင့် အကြမ်းဖက်လုပ်ဆောင်မှုများကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူအချို့၏ လျှို့ဝှက်ဆက်သွယ် သတင်းပေးပို့မှုအရ NUG၊ CRPH တို့၏ ဆက်သွယ်ညွှန်ကြားမှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများသည် စစ်ကိုင်းမြို့နယ် ကင်းတော်ကျေးရွာ၊ ဥယျာဉ်ကျေးရွာနှင့် လက်ပံတောကျေးရွာများအနီး လက်နက်၊ ခဲယမ်းများနှင့်အတူ ခိုအောင်းနေကြောင်း သိရှိရသဖြင့် တပ်မတော်စစ်ကြောင်းများက ယနေ့တွင် သွားရောက်ချေမှုန်း

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✻



သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာန(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဇွန် ၂၅

တက္ကသိုလ်လက်ရွေးစင်မှသည် မြန်မာ့လက်ရွေးစင်ဆီသို့ဟူသော ဦးတည်ချက်ဖြင့် ကျင်းပလျက်ရှိသည့် ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ စတုတ္ထနေ့အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၃)တွင် ဆက်လက်ကျင်းပရာ ပထမပွဲစဉ်အနေဖြင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာန(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာန(ခ)အသင်းက ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ညနေပိုင်းတွင် ဒုတိယပွဲစဉ်အဖြစ် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ○